မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်၊ ၂၀၁၀ ခုနှစ်၊ မတ် ၂၂ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၇၃)

အေးချမ်းသာယာရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတစ်နိုင်ငံ၌ မရှိမဖြစ်လိုအပ်ချက်များဖြစ်

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းများ၊ တံတားများ၊ ဆည်မြောင်းများ၊ စက်ရုံများကို နိုင်ငံတစ်ဝန်း တည်ဆောက်ပေးလျက်ရှိ

နေပြည်တော် မတ် ၂၁

ကာကွယ်ရေးဝန်ကြီးဌာန မြန်မာစီးပွားရေးကော်ပိုရေးရှင်း အမှတ်(၄)သံမဏိစက်ရုံ(မြင်းခြံ) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် မန္တလေးတိုင်း မြင်းခြံမြို့နယ်ရှိ အဆိုပါသံမဏိစက်ရုံအဝင်မုခ်ဦး၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး စက်ရုံကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါစက်ရုံဖွင့်ပွဲ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး သာအေး၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ အစိုးရ အဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိ ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြန်မာ စီးပွားရေးကော်ပိုရေးရှင်းနှင့် အမှတ်(၄)သံမဏိ စက်ရုံ(မြင်းခြံ)တို့မှ တာဝန်ရှိသူများနှင့် ဝန်ထမ်း များ၊ အီတလီနိုင်ငံ Danieli Co. မှ တာဝန်ရှိ သူများ၊ မြင်းခြံခရိုင်ရှိ မြင်းခြံမြို့နယ်၊ နွားထိုး ကြီးမြို့နယ်နှင့် တောင်သာမြို့နယ်တို့မှ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဒေသခံ ပြည်သူများ၊ ဘင်ခရာ၊ ပန်းဖွားအဖွဲ့၊ ကျောက်ဆည်ဆင်အက အဖွဲ့၊ မင်္ဂလာစည်တော်အဖွဲ့နှင့် အိုးစည်ဒိုးပတ်

စာမျက်နှာ ၃ ကော်လံ ၁ ✻

သစ္စာရှိတဲ့ တပ်မတော်

တပ်မတော်ဟာ နယ်ချဲ့ဆန့်ကျင်ရေးမှာ သန္ဓေတည်ပြီး ဖက်ဆစ်တော်လှန်ရေးမှာ မွေးဖွားလာခဲ့တယ်လို့ ဆိုနိုင်တယ်။ မျိုးချစ်စိတ်ရှိတဲ့ လူငယ်လူရွယ်တွေ စုဝေးရာမို့လို့ မျိုးချစ်တပ်မတော် ဆိုတဲ့ အစဉ်အလာကောင်းနဲ့လည်း ညီညွတ်တယ်။ စစ်စည်းကမ်းကို အလေးထား စောင့်ထိန်းလာတာနဲ့အမျှ စည်းကမ်းကောင်းတဲ့ တပ်မတော်လည်း ဖြစ်လာတယ်။ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိချိန်မှာ ပြည်တွင်းသောင်းကျန်းမှုမီးကလည်း စတင် လောင်ကျွမ်းခဲ့တယ်။ တပ်မတော်ကိုလည်း အမျိုးမျိုး သွေးဆောင် စည်းရုံးခဲ့ကြပေမယ့် တပ်မတော်ဟာ နိုင်ငံတော်ရဲ့မျက်နှာတစ်ခု တည်းကိုပဲ ကြည့်ခဲ့တယ်။ ဒါကြောင့်လည်း တပ်မတော်ဟာ သစ္စာ ရှိတဲ့ တပ်မတော်ဆိုတဲ့ အစဉ်အလာကောင်းနဲ့ ပြည့်စုံခဲ့ရတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၂)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းမှ–

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး အမှတ်(၄)သံမဏိ စက်ရုံ(မြင်းခြံ)တွင် စက်များလည်ပတ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမှတ်(၄) သံမဏိစက်ရုံ(မြင်းခြံ)

ကာကွယ်ရေးဝန်ကြီးဌာန မြန်မာစီးပွားရေးကော်ပိုရေးရှင်း အမှတ်(၄)သံမဏိစက်ရုံ(မြင်းခြံ)ကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၀ခုနှစ် မတ် ၂၂ ရက်)

နည်းပညာပြပွဲများမှ နည်းပညာသစ်များ တိုးမြှင့်ဖော်ဆောင်

မျက်မှောက်ကာလ ကမ္ဘာ့နိုင်ငံများသည် မိမိနိုင်ငံ၏ကိုယ်ပိုင်အင်အားနှင့် ရေရှည်ရပ်တည်နိုင်ရေးအတွက် ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ တတ်ကျွမ်းပြီး တီထွင်အသုံးချနိုင်စွမ်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပိုင်ဆိုင်နိုင်မှုသည် အဓိကကျသည်။

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်က ကြီးမှူး၍ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းနှင့်မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်းစီစဉ်သော မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ ၂၀၁၀ကို မတ် ၁၉ရက်မှ ၂၁ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် အချိန်နှင့်အမျှ အသစ်ပေါ်ထွက်လျက်ရှိသော အိုင်တီနည်းပညာနှင့် ထုတ်ကုန်ပစ္စည်းများကို မပြတ်လေ့လာနိုင်မှ သိရှိနိုင်မည်ဖြစ်ရာ ယခုကဲ့သို့ အိုင်တီနည်းပညာပြပွဲများကို ကျင်းပပေးခြင်းဖြင့် လေ့လာသိရှိနိုင်ရန် အခွင့်အလမ်းတစ်ရပ် ရရှိခြင်းပင်ဖြစ်သည်။

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ ၂၀၁၀တွင် ပြခန်းပေါင်း ၁၆၀ခန့် ပြသခဲ့သည်။ လက်တော့ပ်၊ ဒက်တော့ပ်နှင့် စပ်လျဉ်းသော ကွန်ပျူတာများ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းနှင့် ip ကင်မရာများနှင့် အမျိုးအစားပေါင်း ၃၀၀ခန့် ခင်းကျင်းပြသ၍ အိမ်၌တပ်ဆင်ထားပြီး အိမ်ပြင်ခရီးသွားလျှင် အိမ်များ၊ ရုံးများနှင့် လုပ်ငန်းခွင်များ၏အခြေအနေကို ကြည့်ရှုနိုင်သည့် ip ကင်မရာများလည်း ပြသခဲ့သည်။ မိတ္တူကူးစက်များ၊ ပရိုဂျက်တာများနှင့် ဆက်စပ်ပစ္စည်းများ၊ အပျော်တမ်းရိုက်ကူးနိုင်သည့် တိုရှီဘာ Cancoder ကင်မရာများ၊ တိုရှီဘာနုတ်ဘွတ်ခ်များစသည်ဖြင့် နောက်ဆုံးပေါ် အိုင်တီထုတ်ကုန်ပစ္စည်းများကိုလည်း ခင်းကျင်းပြသခဲ့သည်။

ယခုကဲ့သို့ နည်းပညာပြပွဲများ ခင်းကျင်းပြသခြင်းသည် ယနေ့လူငယ်များ နည်းပညာများကို ပိုမိုစိတ်ဝင်စားမှုရှိလာပြီး သတင်းအချက်အလက်များမှတစ်ဆင့် နည်းပညာသစ်များကို တိုးတက်ရရှိနိုင်မည်ဖြစ်၍ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် တစ်ဖက်တစ်လမ်းက အထောက်အကူပြုရရှိနိုင်မည့်ပြပွဲများပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(အင်္ဂါနေ့-နံနက်+နေ့လယ်+ည)
၂၃-၃-၂၀၁၀

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇:၀၅ တရားတော် **(မင်္ဂလသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇:၃၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်းဆောင်းပါး
၈:၁၀ နံနက်ခင်းတေးပဒေသာ
၈:၃၀ ပြောပါရစေရှင် (ဂုဏ်ထည်မြင့်မြတ်ပါပေတယ်)
၈:၄၀ တေးပဒေသာ
၁၀:၀၀ မွေးနေ့လက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၀:၄၅ ခံတွင်းမြိန်စရာ သူ့လက်ရာ (ထမင်းပေါင်း)
၁၀:၅၅ တေးသီချင်း
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁:၂၅ Talk on Line (ဟိန်းဝေယံ)
၁၁:၅၀ တေးပဒေသာ
၁၂:၀၀ စံတော်ချိန် Current Song (15) တေးပဒေသာ
၁၂:၄၀ ပြုံးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး
၁၆:၃၀ သောတရှင်လိုရာတေး
၁၇:၀၀ မေတို့တွက်တာ အလှကမ္ဘာ (ထိုင်တတ်မှလှမယ်)
၁၇:၁၀ တေးပဒေသာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ညနေခင်းတေးပဒေသာ
၁၇:၄၅ ထူးဆန်းထွေလာ ဤမြေကမ္ဘာ အမှတ်စဉ် (၃၂)
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ ညနေခင်းတေးပဒေသာ
၁၈:၃၀ စာအုပ်စာပေ လူ့မိတ်ဆွေ
(၁) ကဗျာကျော်ဝတ္ထုပုံပြင် (၁၀)ပုဒ် (ဦးဝမ်ထိန်)
(၂) လူပျင်းတွေလည်း အောင်မြင်နိုင်ပါတယ် (သဲအောင်)
၁၈:၄၅ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၁၀ ဇာတ်လမ်းပမာ နားဆင်စရာ (တကယ်မက်တဲ့အိပ်မက်)
၁၉:၃၀ တေးပဒေသာ နိုင်ငံရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၂၀ တေးစီးရီး(သစ္စာတည်ဆဲလွမ်းနေဆဲ-ယဉ်ဝေယံထွန်း) စီးပွားရေးဦးတည်ချက်
၂၁:၁၀ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

တင်တင်စိန်နှင့်ဆရာဦးကံကြည် (ကြည်ဝင်းထွေး)တို့က သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။ (၁၁၁)

စံ (၅)ရပ်နှင့် ညီညွတ်သော စာကြည့်တိုက် အဆောက်အအုံသစ်များ ဆောက်လုပ်ရေး ဆွေးနွေး

ပေါင် မတ် ၂၁

မွန်ပြည်နယ် ပေါင်မြို့နယ် ဖလပ်ကျေးရွာနှင့် ကျခတ်ငူကျေးရွာတွင် စံ(၅)ရပ်နှင့်အညီ စာကြည့်တိုက် အဆောက်အအုံသစ်များ ဆောက်လုပ်ရန် ညှိနှိုင်းဆွေးနွေးပွဲကို မတ် ၉ရက် နံနက်က အဆိုပါကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ စံ(၅)ရပ်နှင့်အညီ အချိန်မီ ဆောက်လုပ်ပြီးစီးနိုင်ရေး ဆွေးနွေးမှာကြားပြီး ကျေးရွာစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌများက စာကြည့်တိုက်ဆောက်လုပ်ရန် မြေနေရာများ သတ်မှတ်ပြီးစီးမှု အခြေအနေနှင့် ဆောက်လုပ်ရေးပစ္စည်းများ စုဆောင်းထားရှိမှုအခြေအနေတို့ကို ပြန်လည်ဆွေးနွေးတင်ပြကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နွေရာသီ အင်္ဂလိပ်စကားပြောသင်တန်းဖွင့်

ရန်ကုန် မတ် ၂၁

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ (ဗဟို)ညွှန်ကြားမှု၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုတို့ဖြင့် မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ကဦးဆောင်၍ နွေရာသီ အင်္ဂလိပ်စကားပြော ပညာဒါန (အခမဲ့) သင်တန်းကို မတ် ၂၀ရက် နံနက် ၈နာရီက အလက(၅) မရမ်းကုန်း ကျောင်းခန်းမ၌ ဖွင့်လှစ်သည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူ ၁၅၀ကျော် တက်ရောက်ကြပြီး မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်ဇော် (ဦးခင်ဇော်-မရမ်းကုန်း)က အဖွင့်အမှာစကားပြောကြားကာ သင်တန်းရက် မပျက်ဆု၊ သင်တန်းထူးချွန်ဆုနှင့် စည်းကမ်းလိုက်နာမှု အကောင်းဆုံးဆုများ ချီးမြှင့်မည်ဖြစ်သည်။

သင်ကြားပေး

သင်တန်းကာလမှာ မတ် ၂၀ရက်မှ မေ ၁၆ရက်အထိဖြစ်ပြီး စနေ၊ တနင်္ဂနွေနေ့တိုင်း နံနက် ၈နာရီမှ ၁၁နာရီအထိ ဆရာမ မဟာသဒ္ဓမ္မ ဇောတိကဓဇ ကမ္ဘာလှည့်

စာအုပ် စာပေ လူ့မိတ်ဆွေ

ကြက်ငှက်တုပ်ကွေးရောဂါ မဖြစ်ပွားရေး ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ပညာပေးဟောပြော

ရန်ကုန် မတ် ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ဝင်ရောက်မဖြစ်ပွားရေးအတွက် တောင်ကြီးမြို့နယ်နှင့် ညောင်ရွှေမြို့နယ်အတွင်းရှိ စီးပွားဖြစ်ဥစားကြက်မွေးမြူရေးသမားများကို မြန်မာနိုင်ငံတွင် လက်ရှိကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွား၍ အရေးယူ ဆောင်ရွက်နေမှုအခြေအနေများ၊ ယင်းတို့မွေးမြူထားသောခြံများအတွင်း တောရိုင်းငှက်၊ စာကလေး၊ ကျီးကန်းစသည်တို့ မဝင်ရောက်စေရေး၊ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ပိုးသတ်ဆေးများကြိုတင်ပက်ဖျန်းခြင်း၊ အညစ်အကြေးများ စနစ်တကျစွန့်ပစ်ခြင်းစသည့် ကြက်ခြံများ ဇီဝလုံခြုံမှုမြှင့်တင်ရေးဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း) ရှမ်းရိုးမ မွေးမြူရေးဇုန် ရှင်းလင်းဆောင်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါဟောပြောပွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဝင်းမြင့်က ရှင်းလင်းပြောကြားခဲ့ပြီး ဥစားကြက်မွေးမြူရေးလုပ်ငန်းရှင် ၁၂၀ တက်ရောက်ကြသည်။

(မြန်မာ့အလင်း)

မီးဘေးကြိုတင်ကာကွယ်ရေး သာကေတမြို့နယ်၌ ပညာပေးဟောပြော

ရန်ကုန် မတ် ၂၁

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်၂/တောင်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ မတ် ၁၇ရက် နံနက် ၈နာရီက မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ပညာပေးဟောပြောပွဲ ကျင်းပသည်။

ထပ်ဆင့်မှာကြား

ဟောပြောပွဲသို့ ရပ်ကွက်ပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရာအိမ်မှူးနှင့် ဆယ်အိမ်မှူးများ တက်ရောက်ကြပြီး အခမ်းအနားမှူးအဖြစ် မြို့နယ်အရန်မီးသတ်ဗိုလ်ခွဲမှူး ဦးဘငြိမ်းကဆောင်ရွက်၍ မြို့နယ်မီးသတ်ဌာန ဦးစီးအရာရှိ ဦးကိုကိုဦးက မီးဘေးအန္တရာယ်ကင်းစေရေးနှင့် မီးသုံးစွဲမှုသတိပြုရေးများကို ပညာပေးဟောပြောက(ဝဲပုံ) ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက ထပ်ဆင့်မှာကြားပြီး ကျေးဇူးတင်စကား ပြောကြားသည်။ (၁၁၆)

မီးလောင်စဉ် ပြည်သူတို့၏တာဝန်

(က) မီးလောင်မှုဖြစ်ပွားပါက အနီးဆုံးမီးသတ်စခန်းသို့ အမြန်ဆုံးအကြောင်းကြားပါ။
(ခ) မီးသတ်ယာဉ်များမရောက်မီ ရေပုံးများ၊ ရရာပစ္စည်းများဖြင့် မီးပြန့်ပွားခြင်းမရှိအောင် ထိန်းသိမ်းငြိမ်းသတ်ပါ။
(ဂ) မီးလောင်ပြင်သို့လာသော မီးသတ်ယာဉ်များအား ဝင်လမ်း၊ ထွက်လမ်း ပိတ်ဆို့မှုမရှိစေရေး ကူညီဆောင်ရွက်ပါ။
(ဃ) မီးလောင်မှုကြောင့် လွင့်ပြန့်နေသော မီးပွားများကို ရေပက်ဖျန်း ငြိမ်းသတ်ပေးပါ။
(င) မီးလောင်မှုကို ကူညီငြိမ်းသတ်ပေးပါ။
(စ) နှောင့်ယှက်သူများ၏အန္တရာယ်မှ ကာကွယ်ပေးပါ။

✻ ရှေ့ဖုံးမှ

အကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးက အဖွင့်အမှာစကား ပြောကြားရာ၌ **တပ်မတော်သည် နိုင်ငံတော်တာဝန်ကို စတင်တာဝန်ယူရသည့် အချိန်မှစ၍ ဒီမိုကရေစီကျင့်စဉ်ပြည့်ဝသော နိုင်ငံရေးစနစ်သို့ သိမ်မွေ့ညင်သာစွာ ကူးပြောင်းရေး၊ ခေတ်နှင့်အညီ ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးရေးတို့အတွက် အခြေခံလိုအပ်ချက်များကို အင်တိုက်အားတိုက် လုပ်ကိုင်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၌ ဒီမိုကရေစီကျင့်စဉ်ဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးရန်အတွက် အေးချမ်းသာယာရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့သည် မရှိမဖြစ် လိုအပ်ချက်များဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်အတွင်း အေးချမ်းသာယာမှုကို ဦးစွာဖော်ဆောင်နိုင်ခဲ့ကြောင်း၊ ထို့အတူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းများ၊ တံတားများ၊ ဆည်မြောင်းများ၊ စက်ရုံများနှင့် ကျန်းမာရေး၊ ပညာရေးဆိုင်ရာ အဆောက်အအုံများ စသည်တို့ကို နိုင်ငံတစ်ဝန်း တည်ဆောက်ပေးလျက်ရှိကြောင်း၊** ယင်းသို့ တည်ဆောက်ရာတွင် ဘိလပ်မြေနှင့် သံမဏိသည် အဓိကလိုအပ်သော သွင်းအားစုများအဖြစ် တွေ့ရမှာဖြစ်ကြောင်း၊ ထို့ကြောင့် ဘိလပ်မြေစက်ရုံများကို တည်ဆောက်ဖွင့်လှစ်ပြီး ဖြစ်သည့်နည်းတူ သံ၊ သံမဏိလုပ်ငန်းစုကြီး Iron and Steel Industries Complex ကိုလည်း တည်ဆောက်လျက်ရှိရာတွင် ကာကွယ်ရေးဝန်ကြီးဌာန မြန်မာစီးပွားရေးကော်ပိုရေးရှင်းနှင့် အီတလီနိုင်ငံ Danieli ကုမ္ပဏီတို့ ပူးပေါင်းတည်ဆောက်ခဲ့ပြီး ယနေ့ ဖွင့်လှစ်သော အမှတ်(၄) သံမဏိစက်ရုံ(မြင်းခြံ)သည် အခြားစက်ရုံများအတွက် လိုအပ်လျက်ရှိသည့် သံမဏိချောင်းကြီးများနှင့် သံမဏိပြားများကို ထုတ်လုပ်ပေးခြင်းအားဖြင့် သံ၊ သံမဏိလုပ်ငန်းစုကြီး၏ ဗဟိုချက်ဖြစ်သော စက်ရုံတစ်ရုံဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ကာကွယ်ရေးဝန်ကြီးဌာန မြန်မာစီးပွားရေးကော်ပိုရေးရှင်း အမှတ်(၄) သံမဏိစက်ရုံ (မြင်းခြံ) စက်ရုံအုပ်ချုပ်ရေးရုံးရှိ စက်ရုံကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

သံဆူးကြိုးနှင့် အိမ်ရိုက်သံထုတ်လုပ်

မြန်မာနိုင်ငံ သံ၊ သံမဏိလုပ်ငန်း၏ သမိုင်းကြောင်းကို အနည်းငယ်ပြောကြားလိုကြောင်း၊ ရန်ကုန်တိုင်း အင်းစိန်မြို့နယ်၌ ရှိသည့် ရွာမ သံမဏိစက်ရုံသည် နိုင်ငံတော်၏ ပထမဆုံးသော သံ၊ သံမဏိဆိုင်ရာ စက်ရုံဖြစ်ကြောင်း၊ ဒုတိယကမ္ဘာစစ်အပြီး မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် အကြိုပြင်ဆင်သည့်ကာလ နိုင်ငံတော်ထူထောင်ရေးစီမံကိန်းများ ရေးဆွဲသော ၁၉၄၆ခုနှစ် ဆိုရှယ်လစ်ဗီလာကွန်ဖရင့်က ချမှတ်ခဲ့သည့် မူအရ ၁၉၅၅ ခုနှစ်ခန့်က တည်ဆောက်ပြီး ၁၉၅၆ခုနှစ်တွင် သံရည်ကျိုသံမဏိလုပ်ငန်းကို စတင်ခဲ့ကာ Deformed Bar, Round Bar သံဆူးကြိုးနှင့် အိမ်ရိုက်သံများကို ထုတ်လုပ်ခဲ့ကြောင်း။

ထို့နောက် ပြင်ဦးလွင်မြို့နယ် အနီးစခန်းဒေသမှာ သံနှင့်သံမဏိစက်ရုံ တစ်ခုကို ၁၉၇၉ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ကြောင်း၊ ယင်းစက်ရုံသည် Pilot Plant ရှေ့ပြေးစက်ရုံတစ်ခုဖြစ်ကြောင်း၊ ၎င်းစက်ရုံမှ သံမဏိသံချောင်းများနှင့် စက်မှုသုံး သံထည်ပစ္စည်းများအတွက် ကုန်ကြမ်းများကို ထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း။

ရွာမ သံမဏိစက်ရုံနှင့် ပြင်ဦးလွင် သံမဏိစက်ရုံတို့၏ ထုတ်လုပ်နိုင်မှုသည် တစ်နှစ်လျှင် သံ၊ သံမဏိ တန်ချိန် ၅၀၀၀မှ ၁၀၀၀၀အတွင်းသာ ရှိခဲ့ကြောင်း၊ သို့ပါ၍ **“ပြဒါးသေ တစ်ဆွေဝ၊ သံသေ တစ်ပြည်ဝ”** ဆိုသော စကားနှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သံ၊ သံမဏိလုပ်ငန်းစုကြီး Iron and Steel Industries Complex တည်ဆောက်နိုင်မှသာလျှင် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်ဟူသော ရည်မှန်းချက်ဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

နှစ်စဉ်ထုတ်လုပ်

သံ၊ သံမဏိလုပ်ငန်းစုကြီး တည်ထောင်ရန်အတွက် ဦးစွာ အမှတ်(၁) သံမဏိစက်ရုံကို မကွေးတိုင်း အောင်လံမြို့နယ် ကျောက်စွယ်ကျိုးဒေသ၌ ၁၉၉၆ ခုနှစ်က တည်ဆောက်ခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် စတင်လည်ပတ်ခဲ့ရာ နှစ်စဉ် Deformed Bar သံချောင်းတန်ချိန် တစ်သိန်းခွဲမှ နှစ်သိန်းကြားအထိ ထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း၊ ၁၉၉၇ ခုနှစ်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် အမှတ်(၂) သံမဏိစက်ရုံ (မြောင်းတကာ) ကို တည်ဆောက်ပြီး ၁၉၉၉ခုနှစ်က စတင်လည်ပတ်ခဲ့ရာ နှစ်စဉ် သံပြားတန်ချိန် တစ်သိန်းခွဲနှင့် Fabrication Parts ဖြစ်သည့် တံတားသံမဏိသံပေါင် တန်ချိန် တစ်သောင်းနှစ်ထောင်ကို နှစ်စဉ် ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ယခုအခါ တန်ချိန်သုံးသောင်းအထိ ထုတ်လုပ်နိုင်အောင် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော်လည်း အဆိုပါ စက်ရုံများအတွက် ကုန်ကြမ်းများဖြစ်သည့် သံမဏိသံချောင်း Billet နှင့် သံပြား Slab တို့ကို နိုင်ငံခြားမှ ဝယ်ယူတင်သွင်းနေခဲ့ရကြောင်း။

ယခုဖွင့်လှစ်မည့် အမှတ်(၄) သံမဏိစက်ရုံ (မြင်းခြံ)နှင့် တည်ဆောက်ဆဲ အမှတ်(၅) သံမဏိစက်ရုံ (ပင်းပက်)တို့ကို အထက်ပါစက်ရုံများအတွက် ကုန်ကြမ်းဖြစ်သည့် သံရိုင်းမှ သံစိမ်း၊ သံစိမ်းမှ သံမဏိချောင်းကြီးများ Billet နှင့် သံမဏိပြား Slab တို့ကို ထုတ်လုပ်နိုင်ရန်အတွက် ဆက်လက် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

စတင်ထုတ်လုပ်

တည်ဆောက်ဆဲဖြစ်၍ အမှတ် (၅) သံမဏိစက်ရုံ (ပင်းပက်)အနေဖြင့် သံရိုင်းမှ သံစိမ်း မထုတ်လုပ်နိုင်သေးမီ သံမဏိစက်ရုံများအတွက် ကုန်ကြမ်းရရှိနိုင်ရန် သဘော်ဖျက်စက်ရုံ (သီလဝါ)ကို ၂၀၀၀ ပြည့်နှစ်တွင် စတင်တည်ဆောက်ပြီး ၂၀၀၂ ခုနှစ်တွင် သံမဏိကုန်ကြမ်းများ စတင်ထုတ်လုပ်ပေးခဲ့ရကြောင်း။

မြန်မာနိုင်ငံ၏ သံရိုင်းကုန်ကြမ်း အခြေအနေကို တင်ပြရလျှင် စီးပွားဖြစ် ထုတ်လုပ်နိုင်သည့် သတ္တုသိုက် သုံးခု ရှိကြောင်း၊ ပထမတစ်ခုက ပြင်ဦးလွင် (ကျားတွင်းရေ)ဒေသမှ သံရိုင်းတန်ချိန် သုံးသန်းခန့်ရှိပြီး ဒုတိယတစ်ခုကတော့ တောင်ကြီးမြို့နယ်နှင့် ဟိုပုံးမြို့နယ်အစပ်က ပင်းပက်ဒေသ၌ သံရိုင်းတန်ချိန် သန်း ၇၀ခန့်ရှိကြောင်း၊ တတိယတစ်ခုက ဖားကန့်မြို့နယ် ကသိုဏ်းတောင်ဒေသ၌ လေ့လာတိုင်းတာမှုများအရ သံရိုင်းတန်ချိန် သန်း ၂၃၀ခန့် တွေ့ရှိရကြောင်း။

လျာထား

လက်ရှိထူထောင်လျက်ရှိသည့် သံ၊ သံမဏိလုပ်ငန်းစုကြီးနှင့် ပတ်သက်လို့ ရှင်းလင်းတင်ပြရလျှင် ပင်းပက်ဒေသမှ ထွက်သော သံရိုင်းများကို အမှတ်(၅) သံမဏိစက်ရုံ (ပင်းပက်)က သံစိမ်း Pig Iron များအဖြစ်ထုတ်လုပ်ပြီး လည်းကောင်း၊ သင်္ဘောဖျက်စက်ရုံ (သီလဝါ)က သင်္ဘောပျက်များကို သံထည်ပျက် (Scrap) များအဖြစ် ထုတ်လုပ်ပြီးလည်းကောင်း ယနေ့ ဖွင့်လှစ်မည့် အမှတ်(၄) သံမဏိစက်ရုံ (မြင်းခြံ)ကို ပေးပို့ကြမည်ဖြစ်ကြောင်း၊ အမှတ်(၅) သံမဏိစက်ရုံ(ပင်းပက်)အနေဖြင့် တစ်နှစ်ကို သံရိုင်း(Iron Ore)မှ သံစိမ်း (Pig Iron) တန်ချိန်နှစ်သိန်း ထုတ်လုပ်ရန် လျာထားကြောင်း၊ သင်္ဘောဖျက်စက်ရုံ (သီလဝါ)သည် တန်ချိန်နှစ်သောင်းခန့် အရွယ်အစားရှိသည့် သင်္ဘောအပါအဝင် တစ်နှစ်အတွင်း သင်္ဘောတန်ချိန် တစ်သိန်းခွဲခန့်ကို ဖျက်သိမ်းခြင်းဖြင့် သံတိုသံစ တန်ငါးသောင်း ထုတ်လုပ်သွားမည်ဖြစ်ကြောင်း။

စတင်တူးဖော်

ပင်းပက်ဒေသ၌ သံရိုင်းနှစ်မျိုးရှိပြီး ယင်းတို့မှာ သံပါဝင်မှု အချိုးများသည့် Hematite နှင့် သံပါဝင်မှု အချိုးနည်းသော Lemonite တို့ဖြစ်ကြကြောင်း၊ အဆိုပါ သံရိုင်းသိုက်မှ စက်ရုံအရွယ်အစားအရ နှစ်ပေါင်း ၁၅၀ခန့် ထုတ်ယူရရှိနိုင်မည်ဖြစ်ကြောင်း၊ သံရိုင်းမှ သံစိမ်းကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ရိုမယ့်နည်းစဉ် (Romelt Process) ဖြင့် ထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ နည်းစဉ်အတွက် လိုအပ်သည့် ကျောက်မီးသွေးကိုမူ ကျေးသီး-မံစီမြို့နယ် ဝမ်ဟုတ်ရွာပေါင်း၌ စတင်တူးဖော်လျက်ရှိကြောင်း၊ ကျောက်မီးသွေး တန်ချိန် ၃၇သန်းခန့် တူးဖော်နိုင်ပြီး ပင်းပက်စက်ရုံအတွက် နှစ်ပေါင်း ၇၅ နှစ်ခန့် ထုတ်ယူသုံးစွဲနိုင်မည်ဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်သည့် အမှတ်(၄) သံမဏိစက်ရုံ(မြင်းခြံ)သည် သင်္ဘောဖျက်စက်ရုံ (သီလဝါ)ကရရှိသော သံထည်ပျက် (Scrap) များနှင့် အမှတ်(၅)သံမဏိစက်ရုံ(ပင်းပက်) ကရရှိသည့် သံစိမ်း (Pig Iron)များကို သံမဏိချောင်းကြီးများ (Billet) အဖြစ် ထပ်ဆင့်ထုတ်လုပ်ပြီး အမှတ်(၁) သံမဏိစက်ရုံ (ကျောက်စွယ်ကျိုး)ကို ပေးပို့မည်ဖြစ်သကဲ့သို့ သံမဏိပြား (Slab) များအဖြစ် ထုတ်လုပ်ပြီး အမှတ်(၂) သံမဏိစက်ရုံ (မြောင်းတကာ)ကို ပေးပို့သွားမည်ဖြစ်ကြောင်း။

လက်ခံရရှိ

အမှတ်(၁) သံမဏိစက်ရုံ(ကျောက်စွယ်ကျိုး)သည် ယခုဖွင့်လှစ်သည့် အမှတ်(၄) သံမဏိစက်ရုံ (မြင်းခြံ)နှင့် အမှတ်(၃) သံမဏိစက်ရုံ (ရွာမ)က ထုတ်လုပ်သည့် Billet များ ရရှိမည်ဖြစ်ပြီး လက်ခံရရှိသည့် Billet များကို *စာမျက်နှာ ၆ ကော်လံ ၁*

အမှတ်(၁) သံမဏိစက်ရုံ(ကျောက်စွယ်ကျိုး)မှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများကို တွေ့ရစဉ်။ (သတင်းစဉ်)



တည်ဆောက်ဆဲ အမှတ်(၅) သံမဏိစက်ရုံ(ပင်းပက်)ကို တွေ့ရစဉ်။ (သတင်းစဉ်)

22-3 (03).pmd 1 3/22/2010, 2:58 AM

ကမ္ဘာလှည့် ခရီးသည်များ အီရန်သို့ လာရောက်လည်ပတ်ခဲ့

တီဟီရန် မတ် ၂၁

ကမ္ဘာလှည့်ခရီးသည် ၂၁သမ၃သန်းတို့သည် အီရန်နိုင်ငံသို့ ယခုနှစ်အတွင်း လာရောက်လည်ပတ်ကြကြောင်း ခရီးသွားနှင့်လက်မှုပညာအဖွဲ့၏ ဒုတိယဥက္ကဋ္ဌကြားရေးမှူးက ပြောကြားသည်။

လည်ပတ်

ကမ္ဘာလှည့်ခရီးသည်တစ်သန်းသည် အီရန်အရှေ့မြောက်ပိုင်းရှိ မက်ရှ်ဟက်ဘာသာရေးမြို့သို့ လာရောက်လည်ပတ်ကြမည်ဟု ၎င်းကပြောကြားသည်။

*တူရကီမှ ကမ္ဘာလှည့်ခရီးသည် ၇၀၀၀၀၊ ဂျာမနီမှ၃၀၀၀နှင့် တရုတ်နိုင်ငံမှ ၃၀၀၀ဖြစ်ပြီး ကျန်ခရီးသည်များသည် အခြားနိုင်ငံများမှ ဖြစ်ကြသည်ဟု ၎င်းက ရှင်းလင်း ပြောကြားသည်။ **(အင်တာနက်)***

ကမ္ဘာ့ရာသီဥတုအထိမ်းအမှတ်နေ့အဖြစ် တရုတ်နိုင်ငံ ပေကျင်းမြို့၌ ရာသီဥတုဆိုင်ရာ စီမံအုပ်ချုပ်ရေးဌာန၌ အာကာသဆိုင်ရာ သတင်းအချက်အလက်ပြသထားသည့် ပုံစံငယ်ကို မတ် ၂၁ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ပင်လယ်ဓားပြနှိမ်နင်းရေး ပိုမိုအလေးထားရန် ဆိုမာလီနိုင်ငံအား တူရကီသမ္မတတိုက်တွန်း

အင်ကာရာ မတ် ၂၁

အေဒင်ပင်လယ်ကွေ့ရှိ ပင်လယ်ဓားပြများ တိုက်ခိုက်ချေမှုန်းရေးကို ပိုမိုအလေးထားဆောင်ရွက်ရန် ဆိုမာလီယာနိုင်ငံအား တူရကီနိုင်ငံက တိုက်တွန်းသည်။

ဆိုမာလီကမ်းလွန်မှ ပင်လယ်ဓားပြအရေးနှင့်ပတ်သက်၍ မတ်၁၈ရက်က အင်ကာရာမြို့၌ တူရကီသမ္မတ အဗ္ဗဒူလာဂါးလ်နှင့် ဆိုမာလီယာပါလီမန်ဥက္ကဋ္ဌတို့ တွေ့ဆုံဆွေးနွေးစဉ် အထက်ပါအတိုင်း သမ္မတ ဂါးလ်က တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

ကတိပြု

ဆိုမာလီနိုင်ငံအတွင်း နိုင်ငံရေးမတည်မငြိမ်ဖြစ်မှုများနှင့် သွေးစွန်းသောပဋိပက္ခများ ဖြစ်ပွားပြီးနောက် နိုင်ငံထူထောင်ရေးနှင့် လုံခြုံရေးတပ်ဖွဲ့များကို သင်တန်းပေးမည်ဟု ပြီးခဲ့သည့်နှစ် ဧပြီလက ဆိုမာလီသမ္မတ ရှရစ်ဖ်ရှိတ်အာမက်နှင့်တွေ့ဆုံစဉ် တူရကီသမ္မတ ဂါးလ်ကကတိပြုခဲ့ခြင်း ဖြစ်သည်ဟုဆိုသည်။

တူရကီနိုင်ငံအနေဖြင့် ဆိုမာလီယာနိုင်ငံ၏ ပြည်တွင်းရေး ပြဿနာများကို ကျော်လွှားဖြေရှင်းနိုင်ရန် ဆက်လက်ကူညီသွားမည်ဖြစ်ကြောင်း သမ္မတဂါးလ်က ပြောကြားသည်။

(အင်တာနက်)

အဆောက်အအုံမီးလောင်

ရုရှားနိုင်ငံ မော်စကိုမြို့ရှိ အစိုးရရုံး အဆောက်အအုံမီးလောင်မှုဖြစ်ပွားရာ မီးငြိမ်းသတ်ရေးလုပ်ငန်း ဆောင်ရွက်နေသည်ကို မတ် ၂၁ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန်ပြည်သူ နှစ်သန်းကျော်အတွက် စားနပ်ရိက္ခာများ ကုလသမဂ္ဂ ဖြန့်ဝေပေး

ဂျီနီဗာ မတ် ၂၁

ပါကစ္စတန်နိုင်ငံအတွင်း တိုက်ပွဲများ၏ဒဏ်ခံစားကြရသည့် ပြည်သူ ၂ဒသမ၇သန်းကျော်အတွက် ယခုလအတွင်း ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ)က အစားအစာကီလိုဂရမ်၃၇၀၀၀ခန့်ကို ဖြန့်ဝေပေးလျက်ရှိကြောင်း မတ်၁၉ရက်က ပြောကြားသည်။

ပါကစ္စတန်၌ ပြီးခဲ့သည့်နှစ်အတွင်းက ဖြစ်ပွားသည့်တိုက်ပွဲများကြောင့် ပြည်သူ ၁ဒသမ၆သန်းတို့ အိုးအိမ်များကို စွန့်ခွာခဲ့ကြရပြီး ယခုအခါ မိမိနေအိမ်သို့ ပြန်လာကြပြီဖြစ်သည်ဟု ဆိုသည်။

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်းရှိ ဘူနာခရိုင်နှင့် ဆွတ်တောင်ကြားဒေသတို့၌ အစိုးရတပ်ဖွဲ့ဝင်များက စစ်သွေးကြွများအား တိုက်ခိုက်ချေမှုန်းခဲ့သည်။ ယခုအခါ ယင်းဒေသရှိ ပြည်သူများအား အစားအစာများ ထောက်ပံ့ဖြန့်ဝေပေးလျက်ရှိသည်။ ယခုလအတွင်း ပါကစ္စတန်သို့ ဒဗလျူအက်ဖ်ပီမှ စားနပ်ရိက္ခာထောက်ပံ့မှုသည် နောက်ဆုံးအကြိမ် ဖြစ်သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

လက်ဘနွန်နိုင်ငံသားလေးဦး အစ္စရေးသူလျှိုလုပ်မှုဖြင့် တရားစွဲခံရ

ဘေရွတ် မတ် ၂၁

လက်ဘနွန်စစ်ဘက်တရားသူကြီးတစ်ဦးက လက်ဘနွန်အရပ်သားလေးဦးအား အစ္စရေးနိုင်ငံအတွက် သူလျှိုလုပ်သည်ဟုဆိုကာ မတ်၁၉ရက်က တရားစွဲဆိုလိုက်ကြောင်း လက်ဘနွန်နိုင်ငံပိုင် အင်န်အင်န်အေသတင်းဌာနက ဖော်ပြသည်။

စွပ်စွဲ

ဖမ်းဆီးခံရသူဘာဆမ်ဂျာမီးယာဆင်သည် အစ္စရေးနှင့်ပူးပေါင်းပြီး အရပ်ဘက်နှင့် စစ်ဘက်သတင်းများကို စုဆောင်းနေသည်ဟုစွပ်စွဲကာ ယင်းသို့ တရားစွဲဆိုလိုက်ခြင်းဖြစ်သည်ဟု သိရသည်။

တရားစွဲဆို

ဖမ်းဆီးထားသော မူဆာအလီမူဆာ အပါအဝင် တရားခံပြေးများဖြစ်သော အလီမိုဟာမက်ဆာလစ်နှင့် ဟာဆန်ဟူစိန်အဗ္ဗဒါလားတို့အား အစ္စရေးတို့အတွက် ထောက်လှမ်းပေးနေသည်ဟုဆိုကာ တရားစွဲဆိုလိုက်သည်ဟုဆိုသည်။

*၎င်းတို့လေးဦးသည် ဟဇ်ဘိုလာအရာရှိအချို့ ပိုင်ဆိုင်သည့်နေရာဒေသ၊ နေအိမ်နှင့် ကားနံပါတ်ပြားများနှင့်ဆိုင်သည့် သတင်းများကို အစ္စရေးတို့အားပေးခဲ့သည်ဟု စွပ်စွဲခံထားရကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ***

အာဂျင်တီးနားနိုင်ငံ ဗျူနိုစ်အေရိစ်မြို့၌ကျင်းပသည့် ဗင်းနှင့်ရှိကားဟောင်းပြပွဲကို မတ်၂၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန်၌ တိုက်ပွဲဖြစ်ပွား စစ်သွေးကြွ ၁၄ဦးသေဆုံး

အစ္စလမ္မာဘတ် မတ် ၂၁

ပါကစ္စတန်နိုင်ငံ ကူရမ်လူမျိုးစုဒေသ အနောက်မြောက်ပိုင်း၌ တာလီဘန်တို့နှင့် ဒေသခံများအကြား အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားရာ စစ်သွေးကြွ ၁၄ဦးထက်မနည်း သေဆုံးကြောင်း ဒေသဆိုင်ရာသတင်းများက မတ် ၂၀ရက်တွင် ကြေညာသည်။

ပစ်ခတ်

တာလီဘန်ဆန့်ကျင်သည့် ငြိမ်းချမ်းရေးလှုပ်ရှားမှုကော်မတီဝင်များကို စစ်သွေးကြွများက မတ် ၁၉ရက်ညပိုင်းတွင် ပစ်ခတ်တိုက်ခိုက်ခြင်းဖြစ်ပြီး အဆိုပါ အပြန်အလှန်ပစ်ခတ်မှုအတွင်း စစ်သွေးကြွခုနစ်ဦး ဒဏ်ရာရရှိသွားကြောင်း သတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

လွတ်လပ်စွာကုန်သွယ်ရေး တူရကီနှင့် တောင်ကိုရီးယား ဆွေးနွေး

အင်ကာရာ မတ် ၂၁

တူရကီနှင့် တောင်ကိုရီးယားသမ္မတနိုင်ငံတို့သည် ဧပြီလတွင်လွတ်လပ်စွာကုန်သွယ်ရေးသဘောတူစာချုပ်(အက်ဖ်တီအေ)ချုပ်ဆိုရေးဆိုင်ရာ ဆွေးနွေးပွဲများ စတင်ပြုလုပ်မည်ဟု တူရကီနိုင်ငံခြားကုန်သွယ်ရေးဝန်ကြီး ဇာဖာဂါဂလာယန်က မတ် ၁၉ရက်တွင် ပြောကြားကြောင်း တူရကီနိုင်ငံ အနာတိုလီယာသတင်းဌာနကဖော်ပြသည်။

နှစ်နိုင်ငံ ပထမအကြိမ်ဆွေးနွေးပွဲကို ဧပြီ၂၆ရက်မှ ၃၀ရက်အတွင်း ကျင်းပမည်ဖြစ်ကြောင်း နိုဝင်ဘာလတွင် သဘောတူစာချုပ်ချုပ်ဆိုရန် ဆုံးဖြတ်ထားသည်။

ရင်းနှီးမြှုပ်နှံ

တူရကီနှင့် တောင်ကိုရီးယားနိုင်ငံတို့သည် ကာကွယ်ရေးကဏ္ဍ၊ ရေကြောင်းသွားလာရေးကဏ္ဍ၊ ဘဏ်လုပ်ငန်းကဏ္ဍ၊ ကမ္ဘာလှည့်ခရီးသွားကဏ္ဍနှင့် စွမ်းအင်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ပြုလုပ်သင့်ကြောင်း၊ တူရကီနိုင်ငံအနေဖြင့် လာမည့် ၁၀ စုနှစ်တွင် စွမ်းအင်ကဏ္ဍ၌ အမေရိကန်ဒေါ်လာ ၁၂၀ဘီလီယံကျော် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း တူရကီ နိုင်ငံခြားကုန်သွယ်ရေးဝန်ကြီးက ပြောကြားသည်ဟုလည်း သိရသည်။

(အင်တာနက်)

အယ်လ်ခိုင်ဒါ တပ်မှူးတစ်ဦး ပါကစ္စတန်နိုင်ငံ၌ သေဆုံး

အစ္စလမ္မာဘတ် မတ် ၂၁

အာဖဂန်နစ္စတန်နိုင်ငံအတွင်း စီအိုင်အေသူလျှိုများအား သတ်ဖြတ်ခဲ့မှုဖြင့် အလိုရှိနေသော ထိပ်တန်းအယ်လ်ခိုင်ဒါတပ်မှူးတစ်ဦးမှာ အမေရိကန်မောင်းသူမဲ့လေယာဉ်တိုက်ခိုက်ခံရသဖြင့်ပါကစ္စတန်တွင် သေဆုံးသွားကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် မတ်၁၉ရက်က ဖော်ပြထားသည်။

ဟူစိန်အယ်လ်-ယီမီနီသည် မြောက်ပိုင်း ဝါဇီရစ္စတန်ဒေသတွင် မောင်းသူမဲ့လေယာဉ်တိုက်ခိုက်ခံရသဖြင့် လွန်ခဲ့သည့်ရက်သတ္တပတ်က သေဆုံးသည်ဟု တန်ပြန်အကြမ်းဖက်တိုက်ခိုက်ရေးဌာနက အေအက်ဖ်ပီ သတင်းဌာနသို့ မတ်၁၈ရက်တွင် ပြောကြားသည်။

ဆက်သွယ်

၎င်းသည် ရန်ပုံငွေ၊ သတင်းအချက်အလက်နှင့် တပ်ဖွဲ့ဝင်သစ်များ စုဆောင်းပေးရာတွင် ပါကစ္စတန်၌ ဆက်သွယ်ပေးသူတစ်ဦးဖြစ်သည်ဟု ၎င်းကဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

စီးပွားရေးဆိုင်ရာ သဘောတူစာချုပ်များ လက်ဘနွန်နှင့် ဂျော်ဒန်လက်မှတ်ရေးထိုး

ဘေရွတ် မတ် ၂၁

လက်ဘနွန်နိုင်ငံနှင့် ဂျော်ဒန်နိုင်ငံတို့သည် စီးပွားရေးရာ နားလည်မှုစာချွန်လွှာကို ဘေရွတ်မြို့တွင် မတ် ၁၉ရက်တွင် လက်မှတ်ရေးထိုးလိုက်ကြကြောင်းလက်ဘနွန်ဝန်ကြီးချုပ်ရုံးက ကြေညာသည်။

လက်ဘနွန်ဝန်ကြီးချုပ် ဟာရီရီနှင့် ဂျော်ဒန်ဝန်ကြီးချုပ်ဆာမီးယားရီဖေးတို့သည် လက်ဘနွန်-ဂျော်ဒန် ကော်မတီအစည်းအဝေးသို့ ဦးဆောင်တက်ရောက်ကြပြီး နှစ်နိုင်ငံစာချုပ် ၁၆ခုကို လက်မှတ်ရေးထိုးကြသည်ဟု သိရသည်။

လက်မှတ်ရေးထိုးချုပ်ဆိုသည့် သဘောတူစာချုပ်များတွင်၂၀၁၀-၂၀၁၂ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းနှင့်စပ်လျဉ်းသည့် အစီအစဉ်များ ပါဝင်သည်ဟု သိရသည်။

(အင်တာနက်)

မော်တော်ကား ထုတ်လုပ်သည့် စက်ရုံ

ဆားဗီးယားနိုင်ငံ ဘဲလ်ဂရိတ်မြို့ရှိ မော်တော်ကားထုတ်လုပ်သည့် စက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို မတ် ၂၁ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဒုတိယကမ္ဘာစစ် လက်ကျန်အမြောက်ဆန်များ မော်စကို အနောက်မြောက်ဘက်၌တွေ့

မော်စကို မတ် ၂၁

ရုရှားနိုင်ငံ၌ ဒုတိယကမ္ဘာစစ်အတွင်းက ကျန်ရစ်ခဲ့သည့် မပေါက်ကွဲသေးသော အမြောက်ကျည်ဆန်ရာပေါင်းများစွာကို ရုရှားစစ်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များက ဖယ်ရှားလိုက်ကြောင်း၊ ယင်းအမြောက်ကျည်ဆန်များကို မော်စကိုမြို့အနောက်မြောက်ဘက်၌ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ရုရှားသတင်းဌာန အင်တာဖက်က ဖော်ပြသည်။

ကိုးကားဖော်ပြ

အမြောက်ကျည်ဆန်ပေါင်း ၉၁၆ခုကို ဖယ်ရှားလိုက်ရသည်ဟု ရုရှားစစ်ဘက်ပြောခွင့်ရပုဂ္ဂိုလ် ဒုတိယဗိုလ်မှူးကြီး ဆာဂေးဗလာဆော့ဗ်က ပြောကြားကြောင်းဖြင့်လည်း အဆိုပါသတင်းဌာန၌ ကိုးကားဖော်ပြသည်။

ဖျက်ဆီးပစ်

အဆိုပါ အမြောက်ကျည်ဆန်များကို ထရပ်ကားများပေါ်တင်၍ သယ်ဆောင်ပြီး မော်စကိုစစ်ခရိုင်စမ်းသပ်ရေးစခန်းတွင် ဖျက်ဆီးပစ်မည်ဖြစ်ကြောင်း အဆိုပါ ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗဟန်းမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ခိုင်မာရှင်သန်ရေးနှင့် စာအုပ်စာစောင်တိုးပွားရေး ဆွေးနွေး

ရန်ကုန် မတ် ၂၁

ဗဟန်းမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ခိုင်မာရှင်သန်ရေး၊ ငွေပဒေသာပင်စိုက်ထူရေး၊ စာအုပ် စာစောင်တိုးပွားရရှိရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးတို့အတွက် ရပ်ကွက်စာကြည့်တိုက်မှူးနှင့် ကော်မတီများဆွေးနွေးပွဲကို မတ် ၉ရက် နံနက် ၁၀နာရီက သာသနာ့ရိပ်သာရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

ဆွေးနွေး

ဆွေးနွေးပွဲတွင် မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်က စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေပဒေသာပင်စိုက်ထူထားရှိရေးနှင့် စာဖတ်ပရိသတ်တိုးပွားရေးအတွက် စာဖတ်ပရိသတ် စိတ်ဝင်စားမည့် စာအုပ်စာစောင်များထားရှိရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဆွေးနွေးပြီး ရပ်ကွက်ဥက္ကဋ္ဌ ဦးထွန်းလှစိန်က ကျေးဇူးတင်စကားပြောကြားသည်။ (အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

ငွေသလ္လာစာကြည့်တိုက် အဆောက်အအုံသစ် ကလေးမြို့နယ် ကိုးမိုင်ကျေးရွာတွင်ဖွင့်

ကလေး မတ် ၂၁

နိုင်ငံတော်မတည်ငွေနှင့်ကျေးရွာပြည်သူများ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆောက်လုပ်ထားသော ကလေးမြို့နယ် ကြို့သုံးပင်ကျေးရွာအုပ်စု ကိုးမိုင်ကျေးရွာ ငွေသလ္လာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၁၄ရက် နံနက် ၈ နာရီက အဆိုပါစာကြည့်တိုက်အဆောက်အအုံသစ်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်သန်းဝင်းက စာဖတ်ခြင်း၏အကျိုးကျေးဇူးများ ခေါင်းစဉ်ဖြင့် ဟောပြောပြီးနောက် ငွေသလ္လာစာကြည့်တိုက်အတွက် စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းက ငွေကျပ် ၂၂၉၅၀၀၊ ဌာနဆိုင်ရာနှင့် လူမှုရေးအသင်းအဖွဲ့များက သုတ၊ ရသစာအုပ်မျိုးစုံ အုပ် ၂၁၀နှင့် အလှူရှင်၃၁ ဦးတို့က ငွေကျပ် ၁၉၂၀၀၀ တို့ကို အသီးသီးလှူဒါန်းကြပြီး ကျေးရွာစာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဝင်းက လက်ခံယူကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်ပြီး ငွေသလ္လာစာကြည့်တိုက် အဆောက်အအုံသစ်ကို တိုင်းဦးစီးမှူး ဦးတင်သန်းဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဦးလှစိုးနှင့် စာကြည့်တိုက်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)** အဆိုပါ ပေ(၅၀×၃၀) အကျယ်အဝန်းရှိ စာကြည့်တိုက်မြေနေရာကို ဦးကိတ်ဇထန်ကလှူဒါန်းပြီး အဆောက်အအုံမှာ အလျား ၂၄ ပေ× အနံ ၁၆ပေရှိ သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်း အမျိုးအစားဖြစ်၍ ငွေကျပ်သိန်း၂၀ကျော် အကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

(ခရိုင် ပြန်/ဆက်)

စလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးလုံခြုံရေးနှင့် ဆက်သွယ်သုံးစွဲထားသည့် လျှပ်စစ်မီးဝိုင်ယာကြိုး၊ ဆက်စပ်ပစ္စည်းများ အန္တရာယ်ကင်းရှင်းမှုရှိစေရေးအတွက် အမှုဆောင်အရာရှိ ဦးတင်မောင်သန်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစိုးတင့်၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးငွေမော်နှင့်အဖွဲ့ ဖေဖော်ဝါရီ ၂၀ရက်က စစ်ဆေးဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းရပ်ကွက် အထက်ပုဇွန်တောင်လမ်းရှိ မိတ်ဆွေများ တိုးတက်ဖွံ့ဖြိုးရေးအသင်း၏ (၄၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကို မတ် ၁၄ရက်က အသင်းတိုက်ခန်းမ၌ကျင်းပရာ အသက်(၇၀)နှင့်အထက် အသင်းဝင်အဘိုးအဘွားရှစ်ဦးအား အသင်းဥက္ကဋ္ဌ ဦးခင်မောင်တင့်နှင့် အသင်းသားများက ကန်တော့လက်ဆောင်ပစ္စည်းများ ပေးအပ် ပူဇော်ကန်တော့စဉ်။ (၁၂၃)

ဘူမိဗေဒအထူးပြု ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၂၁

၁၉၈၂-၁၉၈၃ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)၌ ပထမနှစ် စတင်တက်ရောက်ခဲ့ကြသည့် ဘူမိဗေဒအထူးပြု ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို မတ် ၂၈ရက်(တနင်္ဂနွေနေ့) ညနေ ၅နာရီမှ ၉နာရီအထိ ကန်တော်မင်ပန်းခြံဝင်းအတွင်း ရွှေဘဲစားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသားကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများကို မြတ်လှိုင် ဖုန်း-၀၉-၅၀၀၄၄၆၇၊ သိန်းထွန်း(တရုတ်ကြီး) ဖုန်း-၀၉-၈၅၇၈၆၁၅၊ သန့်ဇင်(ပင်ပေါင်) ဖုန်း-၀၉-၅၀၀၄၃၉၇၊ ပွင့်သွယ်ဝင်း ဖုန်း-၀၉-၉၉၇၀၆၇၅၊ သိန်းစိုး ဖုန်း-၀၁-၇၀၇၇၃၆၊ ဝင်းဇော်ရှိန် (ဆူပါကြီး) ဖုန်း-၀၁-၇၂၂၉၈၉၊ ခိုင်စိုး ဖုန်း-၀၉-၅၅၀၄၈၈၈၊ ဆွေသန်းမောင် ဖုန်း-၀၉-၅၁၂၈၂၉၂၊ လူမော် ဖုန်း-၀၉-၅၀၀၈၈၃၀၊ ဝင်းမြင့် ဖုန်း-၀၉-၅၁၂၈၇၅၅၊ ဂါဂါနီသန်းလှိုင် ဖုန်း-၀၉-၉၉၂၄၄၉၃နှင့် ဖြူဖြူရွှေ ဖုန်း-၀၁-၆၅၇၀၂၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြေသားလမ်းဖောက်လုပ်

ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှဆောင်ရွက်လျက်ရှိသည့် ပခုက္ကူ-ပေါင်လောင်ကန် မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းအား လက်ထောက်အင်ဂျင်နီယာ ဒေါ်ခင်ဇာဝင့် ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် အင်ဂျင်နီယာမှူး ဦးဇော်မျိုးထွေးတို့ ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

 နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

တရုတ် နန်ဘိုမြို့ကမ်းလွန်၌ သင်္ဘောတိုက်မှုဖြစ်ပွား

တရုတ်နိုင်ငံ နန်ဘိုမြို့ကမ်းလွန်၌ မတ် ၂၁ ရက်က ငါးဖမ်းစက်လှေတစ်စင်းနှင့် သင်္ဘောတစ်စင်းတို့ မတော်တဆတိုက်မှုဖြစ်ပွားခဲ့ရာ သင်္ဘောသားသုံးဦးပျောက်ဆုံးနေပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း တရုတ်ဆိပ်ကမ်းအရာရှိများက သတင်းထုတ်ပြန်သည်။

တရုတ်နှင့်ရုရှားတို့ စွမ်းအင်နှင့်နည်းပညာစာချုပ်

တရုတ်နှင့်ရုရှားနှစ်နိုင်ငံတို့အနေဖြင့် စွမ်းအင်နှင့်နည်းပညာဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ကြရေးအတွက် အမေရိကန်ဒေါ်လာ ၁ဒသမ၆ ဘီလီယံတန်ဖိုးရှိ စာချုပ်များကို မတ် ၂၁ရက်က သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြကြောင်း ရုရှားအရာရှိများက ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်အထည်ချုပ်စက်ရုံ၌မီးလန့်၍ တစ်ဦးသေဆုံး

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဂါဇီပူရာခရိုင်အတွင်းရှိ အထည်ချုပ်စက်ရုံတစ်ရုံတွင် မတ် ၂၁ရက်က ရုတ်တရက် မီးသတိပေးချက်ထွက်ပေါ်ပြီး မီးလန့်မှုကြောင့် အလုပ်သမားများ အလုအယက်စုပြုံထွက်ပြေးခဲ့ရာမှ တစ်ဦးသေဆုံးပြီး ၂၅ ဦးဒဏ်ရာရရှိခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

အိန္ဒိယ၌ ခရီးသွားအထူးရထား စတင်ပြေးဆွဲ

အိန္ဒိယနိုင်ငံတွင် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များနှင့် ပြည်တွင်းခရီးသွားဧည့်သည်များအတွက် အထူးအစီအစဉ်အဖြစ် အထူးအမြန်ရထားတစ်စင်းကို မတ် ၂၁ ရက် နံနက် ၁၀နာရီ ၁၀မိနစ်တွင် ကိုလ်ကတ္တားမြို့မှ စတင်ပြေးဆွဲကြောင်း အိန္ဒိယအရာရှိများက သတင်းထုတ်ပြန်သည်။

အမေရိကန် ကွင်းစလန်ပြည်နယ်၌ မုန်တိုင်းတိုက်ခတ်

အမေရိကန်နိုင်ငံ ကွင်းစလန်ပြည်နယ် ကမ်းရိုးတန်းဒေသများသို့ မတ် ၂၁ ရက်က မုန်တိုင်းဝင်ရောက်တိုက်ခတ်ရာ နေအိမ်များပျက်စီးပြီး ဓာတ်အားများပြတ်တောက်ခဲ့ကြောင်း၊ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ကွင်းစလန်ပြည်နယ်မှ ကယ်ဆယ်ရေးအရာရှိများက ပြောကြားသည်။

ကူဝိတ်နိုင်ငံ ကူဝိတ်စီးတီးမြို့၌ မီးလောင်မှုဖြစ်ပွား

ကူဝိတ်နိုင်ငံ ကူဝိတ်စီးတီးမြို့၌ မတ် ၂၁ ရက်က အထပ်မြင့် လူနေအဆောက်အအုံတစ်လုံး မီးလောင်မှုဖြစ်ပွားရာ သုံးဦးသေဆုံးပြီး အဆောက်အအုံအများအပြားပျက်စီးခဲ့ကြောင်း၊ မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း ကူဝိတ်အရာရှိများက သတင်းထုတ်ပြန်သည်။

အိုင်ယာလန်တောင်ပိုင်း၌ မီးတောင်ပေါက်ကွဲ

အိုင်ယာလန်နိုင်ငံတောင်ပိုင်း ရေကျာဗစ်မြို့အရှေ့ပိုင်း ကီလိုမီတာ ၁၂၀ခန့် အကွာရှိ မီးတောင်မှာ မတ် ၂၁ရက်နံနက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ အနီးဝန်းကျင်မှ ဒေသခံများအား အရေးပေါ်ရွှေ့ပြောင်းပေးလျက်ရှိကြောင်း အိုင်ယာလန်အရာရှိများက သတင်းထုတ်ပြန်သည်။

တရုတ်မြောက်ပိုင်း၌ နှစ်သန်း ၈၀ခန့်က ဒိုင်နိုဆောရပ်ကြွင်းတွေ့ရှိ

တရုတ်မြောက်ပိုင်း သုတေသနတူးဖော်လေ့လာရေးလုပ်ကွက်တစ်ခု၌ လွန်ခဲ့သော နှစ်ပေါင်းသန်း ၈၀ ခန့်က ဒိုင်နိုဆောရပ်ကြွင်းကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ သက်တမ်းအရင့်ဆုံးဒိုင်နိုဆောရပ်ကြွင်းဖြစ်ကြောင်း တရုတ်သုတေသနအရာရှိများက မတ်၂၁ရက်၌ပြောကြားသည်။

ဖိလစ်ပိုင်တောင်ပိုင်း၌ တောမီးလောင်မှုဖြစ်ပွား

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ပါလာဝမ်အရပ်တွင် မတ် ၂၁ ရက်က တောမီးလောင်မှုဖြစ်ပွားရာ သစ်တောဧရိယာ ဟက်တာ၁၀၀ကျော် မီးလောင်ကျွမ်းမှုခံခဲ့ရကြောင်း၊ ဖိလစ်ပိုင်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း ဖိလစ်ပိုင်အရာရှိများက သတင်းထုတ်ပြန်သည်။ (အောက်ပုံ) (အင်တာနက်)

22-3 (05).pmd 1 3/22/2010, 2:58 AM

စာမျက်နှာ ၃ မှ

အဆောက်အအုံ ဆောက်လုပ်ရာတွင်သုံးသည့် Deformed Bar, Round Bar, Wire Coil, Angle Iron များအဖြစ် ထုတ်လုပ်သွားမည်ဖြစ်ကြောင်း။

အမှတ်(၂) သံမဏိစက်ရုံ (မြောင်းတကာ)သည် လက်ခံရရှိသည့် သံမဏိပြား (Slab) များကို အဆောက်အအုံနှင့် တံတားများ ဆောက်လုပ်ရာတွင်သုံးသော သံမဏိပြား Steel Plate များ၊ H Beam, I Beam, Girder (ရက်မ)နှင့် Truss (တံတားအမိုးခုံး)များကို ထုတ်လုပ်ပေးနေကြောင်း၊ ထို့အပြင် သင်္ဘောနှင့် ရေယာဉ်ကြီးများ တည်ဆောက်နိုင်ရန် သံပြားအရွယ်အစားမျိုးစုံလည်း ထုတ်လုပ်ပေးလျက်ရှိကြောင်း။

အမှတ်(၃) သံမဏိစက်ရုံ(ရွာမ)သည် ယခင်တစ်နှစ်ကို သံတန်ချိန် တစ်သောင်းအောက် ထုတ်လုပ်နိုင်ရာကနေ Steel Making Plant Upgrading Project တစ်ခုဖြင့် အဆင့်မြှင့်တင်ထားပြီးဖြစ်သည့်အတွက် ယခုအခါ တစ်နှစ်တွင် သံတန်ချိန် ငါးသောင်းအထိ ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း၊ ၁၂ မီတာအရှည်ရှိသည့် သံမဏိချောင်းကြီးဖြစ်သော သံစိမ်းများ (Pig Iron) ကို အမှတ်(၅)သံမဏိစက်ရုံ (ပင်းပက်)မှ သယ်ယူရန်လည်းကောင်း၊ သံတိုသံစများ (Scrap) ကို ရန်ကုန်မှ သယ်ယူရန်လည်းကောင်း၊ အမှတ်(၄) သံမဏိစက်ရုံ(မြင်းခြံ)မှ ထွက်ရှိသည့် ကုန်ချောသံမဏိချောင်းများ (Steel Billets) ကို သံချောင်းလုံးမျိုးစုံထုတ်လုပ်ပေးသည့် အမှတ်(၁)သံမဏိစက်ရုံ (ကျောက်စွယ်ကျိုး)သို့ သယ်ယူပို့ဆောင်ရန်လည်းကောင်း၊ ထို့အတူ သံမဏိစက်ရုံ (မြင်းခြံ)မှ ထွက်ရှိသည့် သံမဏိပြားများ (Steel Slabs) ကို Steel Plate များ၊ Beam များ၊ Girder များနှင့် Truss များ ထုတ်လုပ်သည့် အမှတ်(၂)သံမဏိစက်ရုံ (မြောင်းတကာ) သို့ သယ်ယူရန်လည်းကောင်း လိုအပ်သော ရထားလမ်းများကို စက်ရုံများအရောက် အပြန်အလှန် ချိတ်ဆက်ထားပြီး မြန်မာ့မီးရထားက သယ်ယူပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း။

နောင်တွင် ကသိုဏ်းတောင်မှရရှိသည့် သံရိုင်းများကို သံစိမ်း Pig Iron များအဖြစ် ထုတ်လုပ်ပြီးနောက် ယနေ့ဖွင့်လှစ်သော အမှတ်(၄)သံမဏိစက်ရုံ(မြင်းခြံ)ကို နှစ်စဉ် တန်ချိန်နှစ်သိန်းထုတ်လုပ်ရာမှ တန်ချိန်လေးသိန်းမှ ငါးသိန်းအထိ တိုးမြှင့်ထုတ်လုပ်သွားနိုင်အောင် ဆက်လက်တိုးချဲ့သွားမည်လည်းဖြစ်ကြောင်း။

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း ယာယီ ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးခင်မောင်စိုး (အငြိမ်းစား)၊ အမှတ်(၄) သံမဏိစက်ရုံ (မြင်းခြံ) စက်ရုံမှူးကြီး ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့်(အငြိမ်းစား)နှင့် Danieli Co. မှ Mr. Mareschi Danieli Giacomo တို့ အမှတ်(၄) သံမဏိစက်ရုံ (မြင်းခြံ)ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

မကွေးတိုင်း အောင်လံမြို့နယ် ကျောက်စွယ်ကျိုးဒေသ၌ တည်ဆောက်ထားသည့် အမှတ်(၁) သံမဏိစက်ရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

Billet များကို အဓိကထား ထုတ်လုပ်လျက်ရှိပြီး အခြားဆက်စပ်လုပ်ငန်းများအနေဖြင့် Barbed Wire, Binding Wire၊ အိမ်ရိုက်သံ၊ သွပ်ဆူးကြိုး၊ သံဆန်ခါအမျိုးမျိုးနှင့် Chain Link တို့ကိုလည်း ထုတ်လုပ်ပေးလျက်ရှိကြောင်း။

တိုးချဲ့တည်ဆောက်

ထို့အပြင် အောက်ဆီဂျင်၊ အာဂွန်နှင့် နိုက်ထရိုဂျင်စသည့် ဓာတ်ငွေ့သုံးမျိုးကိုလည်းထုတ်လုပ်ပြီး စက်မှုလုပ်ငန်းများကို ရောင်းချပေးလျက်ရှိကြောင်း၊ ဆက်လက်ပြီး ၎င်းစက်ရုံသည် တံတားများနှင့် စက်ရုံအဆောက်အအုံများ ဆောက်လုပ်ရာ၌ လိုအပ်သည့် High Tensile Steel Bolts and Nuts များ ထုတ်လုပ်ရန်အတွက် တိုးချဲ့တည်ဆောက်လျက်ရှိကြောင်း။

ယနေ့ဖွင့်လှစ်သည့် အမှတ်(၄) သံမဏိစက်ရုံ(မြင်းခြံ)၌လည်း သံမဏိချောင်း Billet နှင့် သံမဏိပြား Slab ထုတ်လုပ်ရုံသာမကဘဲ သံမဏိပြား Slab မှ ထပ်မံပြီး Finished Product များအဖြစ် Hot Roll Sheet, Cold Roll Sheet, Colour Sheet အရွယ်အစားမျိုးစုံနှင့် သွပ်ရည်စိမ် သွပ်ပြားများအထိ ထုတ်လုပ်သွားရန်အတွက် စက်ရုံကို ထပ်မံတိုးချဲ့ တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိကြောင်း။

အမှတ်(၄) သံမဏိစက်ရုံ (မြင်းခြံ) အတွက် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများ

အမှတ်(၄) သံမဏိစက်ရုံ(မြင်းခြံ)အတွက် လိုအပ်သည့် ကုန်ကြမ်းများကို သယ်ယူရန်၊ ထွက်ရှိသည့် ကုန်ချောများကို ပို့ဆောင်ရန် ရထားလမ်းဖောက်လုပ်ပေးထားသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

အားထုတ်ကြိုးပမ်း

နိဂုံးချုပ်အားဖြင့် ပြောကြားရလျှင် **ယခုဆိုလျှင် သံ၊ သံမဏိလုပ်ငန်းစုကြီး Iron and Steel Indrustries Complex အနေဖြင့် ပြင်ဦးလွင် သံမဏိစက်ရုံ၊ အမှတ်(၃) သံမဏိစက်ရုံ (ရွာမ)၊ အမှတ်(၄) သံမဏိစက်ရုံ(မြင်းခြံ)နှင့် အမှတ်(၅) သံမဏိစက်ရုံ(ပင်းပက်)တို့က ကုန်ကြမ်းများ ထုတ်လုပ်ပေးပြီး Finished Product အဖြစ် သံချောင်းမျိုးစုံထုတ်သည့် အမှတ်(၁) သံမဏိစက်ရုံ၊ တံတားနှင့် အဆောက်အအုံများအတွက် လိုအပ်ချက်ကို ထုတ်သော အမှတ်(၂) သံမဏိစက်ရုံတို့သည် တစ်ခုနှင့်တစ်ခု အပြန်အလှန်ဆက်စပ်ပြီး သံနှင့်သံမဏိများကို ထုတ်လုပ်လျက်ရှိကြောင်း၊** "ပြဒါးသေ တစ်ဆွေ၀၊ သံသေ တစ်ပြည်၀" **ဆိုသည့် ဆိုရိုးစကားအတိုင်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်နှင့် ဒေသခံ တိုင်းရင်းသားများ အလုပ်အကိုင်အခွင့်အလမ်း ပွင့်လန်းလာစေရန်အတွက် သံနှင့် သံမဏိကဏ္ဍကြီးကို တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယနေ့ အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများ၊ လမ်းတံတား၊ ဆည်မြောင်း၊ ရေအားလျှပ်စစ် လုပ်ငန်းများစသည့် သံ၊ သံမဏိ အသုံးချလုပ်ငန်းများ အလျင်အမြန် ဆောင်ရွက်လာနိုင်ခြင်းသည် ယခုကဲ့သို့ သံ၊ သံမဏိလုပ်ငန်းစုကြီးကို ဆက်စပ် တည်ဆောက်ပေးနိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်ဟု ပြောကြားလိုကြောင်း၊ နိုင်ငံတော်၏ သံနှင့်သံမဏိလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာန၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းက အားထုတ်ကြိုးပမ်း ဆောင်ရွက်ချက်များကို သိရှိနိုင်ရန် ရှင်းလင်းတင်ပြခြင်းဖြစ်ကြောင်းနှင့် ဤစက်ရုံကြီး ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြသော ဝန်ကြီးဌာနများ၊ ဒေသခံဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် Danieli ကုမ္ပဏီမှ တာဝန်ရှိသူများကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။**

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း ယာယီ ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး ခင်မောင်စိုး(အငြိမ်းစား)၊ အမှတ်(၄) သံမဏိစက်ရုံ(မြင်းခြံ) စက်ရုံမှူးကြီး ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်(အငြိမ်းစား)နှင့် Danieli Co. မှ Mr. Mareschi Danieli Giacomo တို့က အမှတ်(၄) သံမဏိစက်ရုံ (မြင်းခြံ)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများနှင့် စက်ရုံဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက စက်ရုံအုပ်ချုပ်ရေးရုံးရှိ စက်ရုံကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေး၊ တိုင်းမှူး၊ ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက စက်ရုံကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

အရွယ်အစားမျိုးစုံ

ထို့နောက် စက်ရုံအစည်းအဝေးခန်းမ၌ မြန်မာစီးပွားရေးကော်ပိုရေးရှင်း ယာယီ ဦးဆောင်ညွှန်ကြားရေးမှူးက အမှတ်(၄) သံမဏိစက်ရုံ (မြင်းခြံ) တည်ဆောက်ခဲ့မှု၊ ကုန်ကြမ်းပစ္စည်းများမှ သံမဏိချောင်းနှင့် သံမဏိပြားအရွယ်အစားမျိုးစုံ ထုတ်လုပ်မှုအဆင့်ဆင့်၊ စက်ရုံ၌ တည်ဆောက်ထားသည့် အဆောက်အအုံများ၊ တပ်ဆင်ထားသည့် စက်ပစ္စည်းများ၊ ဝန်ထမ်းဖွဲ့စည်းပုံနှင့် စီမံခန့်ခွဲမှုဆိုင်ရာများကို ပရိုဂျက်တာဖြင့် အသေးစိတ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ယာယီ ဦးဆောင်ညွှန်ကြားရေးမှူးက စက်ရုံဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ကို Danieli Co.မှ Mr. Mareschi Danieli Giacomo ထံ ပေးအပ်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးအား Danieli Co.မှ Mr. Mareschi Danieli Giacomo က ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် စက်ရုံအတွင်း စက်များ လည်ပတ်နေမှုနှင့် ကုန်ထုတ်လုပ်မှု အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူးကြီးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)က စက်ရုံမှ ပထမဆုံးထွက်ရှိသည့် သံမဏိချောင်း (First Billet)အပေါ်၌ မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေး၊ တိုင်းမှူး၊ ဝန်ကြီးများနှင့် တက်ရောက်လာကြသူများက အဆိုပါ First Billet အပေါ်၌ မှတ်တမ်းတင်လက်မှတ်ရေးထိုးပေးကြပြီး အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စက်ရုံဖွင့်ပွဲအထိမ်းအမှတ်အဖြစ် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)က စက်ရုံ၌ တာဝန်ထမ်းဆောင်နေကြသော Danieli Co. မှ အင်ဂျင်နီယာများအား စက်ရုံဖွင့်ပွဲ အမှတ်တရဂုဏ်ပြုလက်ဆောင်ကို ပေးအပ်သည်။

မြန်မာနိုင်ငံ၏ သံရိုင်းကုန်ကြမ်း အခြေအနေကို တင်ပြရလျှင် စီးပွားဖြစ်ထုတ်လုပ်နိုင်သည့် သတ္တုသိုက် သုံးခုရှိကြောင်း၊ ပထမတစ်ခုက ပြင်ဦးလွင် (ကျားတွင်းရေ)ဒေသမှ သံရိုင်းတန်ချိန် သုံးသန်းခန့်ရှိပြီး ဒုတိယတစ်ခုကတော့ တောင်ကြီးမြို့နယ်နှင့် ဟိုပုံးမြို့နယ်အစပ်က ပင်းပက်ဒေသ၌ သံရိုင်းတန်ချိန် သန်း ၇၀ခန့်ရှိကြောင်း၊ တတိယတစ်ခုက ဖားကန့်မြို့နယ် ကသိုဏ်းတောင်ဒေသ၌ လေ့လာတိုင်းတာမှုများအရ သံရိုင်းတန်ချိန် သန်း ၂၃၀ခန့် တွေ့ရှိရကြောင်း။

အမှတ်(၄) သံမဏိစက်ရုံ(မြင်းခြံ)သည် မန္တလေးတိုင်း မြင်းခြံမြို့နယ် ဆားခါးကျေးရွာအနီး၌ တည်ရှိပြီး ၁၀၄၃ ဒသမ ၇၉ ဧက ကျယ်ဝန်းသည်။ မြန်မာစီးပွားရေးကော်ပိုရေးရှင်းက တာဝန်ယူဆောင်ရွက်လျက်ရှိသော Steel Rolling Mill နှင့် Steel Plate Mill တို့အတွက် လိုအပ်သော အဓိကကုန်ကြမ်းပစ္စည်းများဖြစ်သည့်

စာမျက်နှာ ၇ ကော်လံ ၁

22-3 (06).pmd 1 3/22/2010, 2:58 AM

စာမျက်နှာ ၆ မှ

Steel Billets and Slabs များကို တစ်နှစ်လျှင် တန်ချိန်နှစ်သိန်း ထုတ်လုပ်ပေးနိုင်ရန်အတွက် အဆိုပါစက်ရုံကို ၂၀၀၅ခုနှစ် မေ ၁၆ရက်တွင် စတင်တည်ဆောက်ခဲ့သည်။ ယခုအခါ စက်ရုံအဆောက်အအုံနှင့် စက်ပစ္စည်းများ တပ်ဆင်ပြီးစီးပြီဖြစ်၍ စက်စွမ်းအားပြည့် ထုတ်လုပ်နေပြီဖြစ်သည်။

Additive များ ကိုင်တွယ်ထိန်းသိမ်းသည့် စက်ကိရိယာများ ပါဝင်သော Material Handling System၊ သံမဏိထုတ်လုပ်သည့် လုပ်ငန်းဌာနအသီးသီးတို့တွင် အသုံးပြုရန်အတွက် လျှပ်စစ်ဓာတ်အားဖြင့် မောင်းနှင်သော ဝန်ချီစက် (Electric Overhead Travelling Crane) ၁၅ခု၊ လျှပ်စစ်ဓာတ်အားခွဲရုံ၊ စက်ကိရိယာများကို ပြုပြင်ထိန်းသိမ်းသည့် အလုပ်ရုံ (Maintenance Workshop) နှင့် သတ္တုပစ္စည်း ၂၂မျိုးအား စမ်းသပ်စစ်ဆေးနိုင်သော ဓာတ်ခွဲခန်းတို့ကို ထည့်သွင်းတည်ဆောက်ထားသည်။

စက်ရုံမှ တစ်နှစ်လျှင် Steel Billets တန်ချိန်နှစ်သိန်းနှင့် Steel Slabs တန်ချိန်ငါးသောင်းတို့ကို ထုတ်လုပ်မည်ဖြစ်သည်။

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မြင်းခြံမြို့မှ ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်း၏ ညောင်ဦးမြို့နယ် လက်ပန်ခြေပေါ်ဘက်ကမ်းစီမံကိန်းလုပ်ငန်းခွင်သို့ မွန်းလွဲ ၁နာရီ ၁၅မိနစ်တွင် ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ ပခုက္ကူတပ်နယ်မှူး ဗိုလ်မှူးကြီးမြထွန်းဦး၊ ညောင်ဦးခရိုင်၊ ပခုက္ကူခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က မြန်မာနိုင်ငံတွင် အရှည်ဆုံးတံတားကြီးအဖြစ် အသစ်ပေါ်ထွန်းလာမည့် ဧရာဝတီတံတား (ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးတည်ဆောက်ရေးအဖွဲ့(၃)က တာဝန်ယူတည်ဆောက်နေမှု၊ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ တံတားကြီးအမြန်တည်ဆောက်ပြီးစီးနိုင်ရေးအတွက် လက်ပန်ခြေပေါ်ဘက်ကမ်း၊ ရေလယ်ကျွန်းနှင့် ပခုက္ကူဘက်ကမ်းတို့တွင် တစ်ပြိုင်တည်း အကောင်အထည်ဖော်တည်ဆောက်နေမှု၊ တံတားအင်္ဂါရပ်နှင့် စံချိန်စံညွှန်းများ၊ တံတားအမျိုးအစား၊ ပင်မတံတားအောက်ခြေထည်လုပ်ငန်းဖြစ်သော တံတားတိုင်ဘိုးပိုင်အုတ်မြစ်တူးဖော်ခြင်းလုပ်ငန်းများကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၅ရက်မှ စတင်ဆောင်ရွက်ခဲ့မှုနှင့် ယနေ့အထိ တံတားတည်ဆောက်ရေးလုပ်ငန်းအားလုံး၏ ၁၅ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကာကွယ်ရေးဝန်ကြီးဌာန မြန်မာစီးပွားရေးကော်ပိုရေးရှင်း အမှတ်(၄) သံမဏိစက်ရုံ(မြင်းခြံ) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်တင်ငွေက တံတားဝန်းကျင်ဒေသဆိုင်ရာ အခြေအနေကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်သွယ်သွားလာနိုင်

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ဧရာဝတီတံတား(ပခုက္ကူ) ရထားချဉ်းကပ်လမ်း ဖောက်လုပ်မည့် အခြေအနေ၊ ဧရာဝတီတံတား(မလွန်) ရထားချဉ်းကပ်လမ်းနှင့်ဆက်စပ်လမ်းများအခြေအနေ၊ မဟာဗျူဟာ

စာမျက်နှာ ၁၁ ကော်လံ ၁

စက်ရုံတွင် သံမဏိထုတ်လုပ်ရာ၌ အသုံးပြုမည့် သံတိုသံစများကို ကိုင်တွယ်ထိန်းသိမ်းသည့် စက်ကိရိယာများပါဝင်သည့် Scrap Yard Equipment၊ တစ်ရက်လျှင် သံမဏိ (Steel) တန်ချိန် ၉၀၀ထုတ်လုပ်နိုင်သည့် 60 Ton Electric Arc Furnace (EAF)၊ သံမဏိကို လိုအပ်သော အရည်အသွေးရရှိစေရန် ပြုပြင်သန့်စင်သည့် 60 Ton Ladle Furnace (LF)၊ အထူးသံမဏိထုတ်လုပ်ရာတွင် အသုံးပြုသည့် 60 Ton Vacuum Degasser (VD)၊ တစ်ရက်လျှင် Steel Billets ၁၀၃၆ တန်ခန့်ထုတ်လုပ်နိုင်သော ပုံလောင်းစက်ဖြစ်သည့် Continuous Casting Machine၊ တစ်နှစ်လျှင် Steel Slab တန်ချိန်နှစ်သိန်းမှ ငါးသိန်းအထိ ထုတ်လုပ်နိုင်သော Thin Slab Caster (TSC)၊ စက်ရုံမှထွက်ရှိလာသော အခိုးအငွေ့များကို သန့်စင်စုပ်ယူသည့် စက်ကိရိယာ Fume Treatment Plant၊ တစ်နာရီလျှင် အောက်ဆီဂျင်ဓာတ်ငွေ့ ၁၇၀၀ ကုဗမီတာနှင့် ဓာတ်ငွေ့ရည် ၁၀၀ ကုဗမီတာ ထုတ်လုပ်နိုင်သော အောက်ဆီဂျင်ထုတ်စက်၊ တစ်နာရီလျှင် နိုက်ထရိုဂျင် ဓာတ်ငွေ့ ၁၀၀ ကုဗမီတာ ထုတ်လုပ်နိုင်သော နိုက်ထရိုဂျင်ဓာတ်ငွေ့ထုတ်စက်နှင့်တစ်နာရီလျှင် အာဂွန်ဓာတ်ငွေ့ ၅၅ ကုဗမီတာနှင့် ဓာတ်ငွေ့ရည် ၆၀ ကုဗမီတာထုတ်လုပ်နိုင်သော အာဂွန်ထုတ်စက်တို့ ပါဝင်သော Air Seperation Plant၊ တစ်နာရီလျှင် Compressed Air ၄၅၀၀ ကုဗမီတာ ထုတ်လုပ်နိုင်သော Compressed Air Plant၊ အထူးသံမဏိ (Special Steel) ထုတ်လုပ်ရာတွင် လိုအပ်သော ရေနွေးငွေ့ကို တစ်နာရီလျှင် ရေနွေးငွေ့ ၁၃တန် ထုတ်လုပ်ပေးနိုင်စွမ်းရှိသည့် Steam Boiler Plant၊ သံမဏိထုတ်လုပ်ရာတွင် အသုံးပြုမည့် သဘာဝဓာတ်ငွေ့များကို ထိန်းချုပ်ပေးသည့် Natural Gas Station၊ ရေသန့်စင်စက်ရုံ၊ တစ်နေ့လျှင် မဖောက်ထုံး၄၅တန် ထုတ်လုပ်ပေးနိုင်သည့် Lime Plant၊ သံမဏိထုတ်လုပ်ရာတွင် ထည့်သွင်းပေးရမည့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး အမှတ်(၄) သံမဏိစက်ရုံ(မြင်းခြံ)တွင် စက်များလည်ပတ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ထည့်သွင်းတည်ဆောက်

ထို့အပြင် ဧည့်ရိပ်သာ၊ အရာရှိများနှင့် ဝန်ထမ်းနေအိမ်များ၊ ဈေး၊Main Office၊ လုံခြုံရေးဂိတ်၊ စားရိပ်သာ၊ ကုန်ပစ္စည်းစတိုးများ၊ Cargrage၊ Out Side Car Parking & Canteen၊ နည်းပညာအထက်တန်းကျောင်း စသည်တို့ကိုလည်း ထည့်သွင်းတည်ဆောက်ထားပြီးဖြစ်သည်။

အမှတ်(၄) သံမဏိစက်ရုံ(မြင်းခြံ)၏ စက်များလည်ပတ်နေမှုနှင့် ကုန်ထုတ်လုပ်နေမှုတို့ကို တွေ့ရစဉ်။

(သတင်းစဉ်)

22-3 (07).pmd 1 3/22/2010, 2:58 AM

(၆၅)နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး

စာဖတ်သူတစ်ဦး

တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်

ကမ္ဘာ့နိုင်ငံအသီးသီးတွင် တပ်မတော်ဟူ၍ ရှိကြသည်။ မြန်မာနိုင်ငံ၏ တပ်မတော်သည် မျိုးချစ်တပ်မတော်ဖြစ်သည်။ လွတ်လပ်ရေးကို ရယူရန်အတွက် ဖွဲ့စည်းတည်ထောင်ခဲ့သော တပ်မတော်ဖြစ်သည်။ ထို့ကြောင့် မျက်မှောက်ခေတ်မြန်မာ့သမိုင်းကို လေ့လာလျှင် တပ်မတော်၏ သမိုင်းနှင့် ဒွန်တွဲလျက်ရှိသည်ကိုသာ တွေ့ရပေမည်။ မြန်မာ့လွတ်လပ်ရေးသည် တိုက်ယူခဲ့ရသော လွတ်လပ်ရေးဖြစ်သည်။ လွတ်လပ်ရေးတိုက်ပွဲဝင်ရာတွင် တပ်မတော်နှင့်ပြည်သူ ပူးပေါင်းလက်တွဲ တိုက်ပွဲဝင်ခဲ့သည်။ ရရှိပြီးသော လွတ်လပ်ရေး ပြန်လည်မဆုံးရှုံးစေရန် အတွက်လည်း တပ်မတော်နှင့်ပြည်သူတို့ ပူးပေါင်းလက်တွဲ ကာကွယ်စောင့်ရှောက်နိုင်ခဲ့သည်။

မြန်မာနိုင်ငံသည် နယ်ချဲ့အင်္ဂလိပ်လက်အောက်သို့ နှစ်ပေါင်း (၁၀၀)ကျော် ကျရောက်ခဲ့ရသည်။ ဒုတိယကမ္ဘာစစ် ကာလအတွင်း ဖက်ဆစ် ဂျပန်လက်အောက်သို့လည်း သုံးနှစ်သုံးမိုးမျှ ကျရောက်ခဲ့ရသည်။ နယ်ချဲ့ အင်္ဂလိပ်တို့ကို မြန်မာနိုင်ငံမှ တိုက်ထုတ်နိုင်ရန်အတွက် တပ်မတော်ကို ဖွဲ့စည်းထူထောင်ခဲ့ခြင်းဖြစ်ရာ တပ်မတော်ဖွဲ့စည်းထူထောင်နိုင်ရေးအတွက် ရှေးဦးစွာ ဂျပန်တို့နှင့် ပူးပေါင်းခဲ့ရသည်။ ယင်းသို့ ပူးပေါင်းခြင်းသည် နယ်ချဲ့အင်္ဂလိပ်တို့ကို မြန်မာနိုင်ငံမှ တိုက်ထုတ်ပြီးသည်နှင့် လွတ်လပ်ရေးပေးမည်ဟူသော ဂျပန်တို့၏ ကတိစကားကြောင့် ဖြစ်သည်။

ဤသို့ဖြင့် တပ်မတော်သည် ဖက်ဆစ်ဂျပန်နှင့်ပူးပေါင်းပြီး နယ်ချဲ့အင်္ဂလိပ်ကို တိုက်ခိုက်ခဲ့သည်။ ထို့အတူ တပ်မတော်သည် နယ်ချဲ့အင်္ဂလိပ်နှင့် တစ်ဖန်မဟာမိတ်ပြုပြီး ဖက်ဆစ်ဂျပန်ကို တွန်းလှန်မောင်းထုတ်ခဲ့သည်။ တပ်မတော်၏ အဓိကရည်ရွယ်ချက်မှာ မြန်မာ့လွတ်လပ်ရေး ရရှိရန်မှတစ်ပါး အခြားမရှိခဲ့ပေ။ ဖက်ဆစ်ဂျပန်တို့ကမူ ဗမာ့လွတ်လပ်ရေး တပ်မတော်(BIA)ကို အင်္ဂလိပ်အား ၎င်းတို့ တိုက်ခိုက်ရာ၌ လွယ်ကူစေရေးအတွက် လက်ကိုင်တုတ်အဖြစ် အသုံးချလိုခဲ့ကြသည်။

၁၈၈၅ခုနှစ်၌ တစ်နိုင်ငံလုံး ကိုလိုနီလက်အောက်ခံဘဝသို့ ကျရောက်ချိန်မှစပြီး ကိုယ်ပိုင် တပ်မတော်ဟူ၍မရှိခဲ့သော မြန်မာတို့ အဖို့ကား မြန်မာ့လွတ်လပ်ရေးတပ်မတော်သည် တစ်မျိုးသားလုံး၏ ဂုဏ်ရောင်ကို ထွန်းပြောင်စေသော မျိုးချစ်အင်အားစုကြီး ပေါ်ထွန်းလာခြင်းပင်ဖြစ်သည်။ ဤတပ်မတော်တွင် မြန်မာတစ်မျိုးသားလုံး၏ မျိုးချစ်စိတ်ဓာတ်ကို အသက်သွင်းထားသည်ဟု ယုံကြည်ယူဆ အားတက်ခဲ့ကြသည်။ မြန်မာ့လွတ်လပ်ရေးတပ်မတော်အတွင်းသို့ ရဟန်းရှင်လူ လူတန်းစားမရွေးတဖွဲဖွဲ ဝင်ရောက် အားစုခဲ့ကြသည်။ ချီတက်လာသော တပ်မတော်ကြီးကို တစ်တိုင်းပြည်လုံး လှည်းနေလှေအောင်းမြင်းဇောင်းမကျန် သောင်းသောင်းဖြဖြ ကူညီအားပေးခဲ့ကြသည်။

၎င်းတို့၏ မျက်စိရှေ့မှောက်၌ ရက်ပိုင်း၊ လပိုင်းအတွင်းမှာပင် အဆမတန် အင်အားကြီးထွားလာသော ဗမာ့လွတ်လပ်ရေးတပ်မတော်၏ အရှိန်အဟုန်ကို တွေ့မြင်ပြီး ဖက်ဆစ်ဂျပန်တို့က တပ်မတော်ကို ပန်းကောင်းအညွန့်ချိုးလုပ်လာခဲ့ကြသည်။ ကန့်သတ်ချက်အမျိုးမျိုးဖြင့် တားဆီးပိတ်ပင်ပြီး BIA ကို BDA ဗမာ့ကာကွယ်ရေးတပ်မတော်အဖြစ် အင်အားလျှော့ချ ပြန်လည်ဖွဲ့စည်းစေခဲ့သည်။ မည်သို့ပင်ဖြစ်စေကာမူ မြန်မာပြည်သူတို့၏ ပြင်းပြသော မျိုးချစ်စိတ်ဓာတ်သည် တပ်မတော်နှင့် ထပ်တူထပ်မျှ မြင့်တက်လျက်သာရှိခဲ့သည်။ ဖက်ဆစ်ဂျပန်တို့က မြန်မာနိုင်ငံအား ၎င်းတို့ အုပ်ချုပ်ရာတွင် လွယ်ကူအဆင်ပြေစေရေးအတွက် မြန်မာ့နိုင်ငံရေးသမားဟောင်းကြီးများကို ပွဲထုတ်အသုံးချခဲ့သည်။နိုင်ငံရေးတွင် ၎င်းတို့ကြိုးကိုင်နိုင်သော ရုပ်သေးအစိုးရထားရှိပြီး တပ်မတော်၏ အမျိုးသားနိုင်ငံရေး အရှိန်အဟုန်ကို ကန့်သတ် တားဆီးခဲ့ခြင်းပင်ဖြစ်သည်။ သို့သော် ပြည်သူတစ်ရပ်လုံးက တပ်မတော်ကို ကျောထောက်နောက်ခံ ပြုထားခဲ့ကြပြီ။ တပ်မတော်ကလည်း ပြည်သူလူထုရှေ့မှ မားမားမတ်မတ် ရပ်တည်လာခဲ့သည်။

ဤသို့ဖြင့် ဖက်ဆစ်ဂျပန်ကိုတော်လှန်ရန် အချိန်တန်ခဲ့သည်။ တပ်မတော်သည် နိုင်ငံရေးနှင့်စစ်ရေး၊ စစ်ရေးနှင့် နိုင်ငံရေး ဆက်စပ်ပေါင်းစည်းနေမှုကို အထူးသတိပြုနိုင်ခဲ့သည်။ တပ်မတော်ကို ဒေါင်ဒေါင်မြည် မျိုးချစ်နိုင်ငံရေးသမား လူငယ်မျိုးဆက်သစ်များဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲကို ဆက်လက်ဆင်နွှဲရာတွင် နိုင်ငံရေးနှင့်စစ်ရေး ဟန်ချက်ညီညီ ပေါင်းစပ်ဆောင်ရွက်နိုင်မှ အောင်မြင်မည်ဖြစ်ကြောင်း သိထားခဲ့သည်။ ဤသို့ဖြင့် ဖက်ဆစ်ဂျပန်တို့အား ဆန့်ကျင်တော်လှန်ရန်အတွက် တပ်မတော်က ဦးဆောင်ပြီး ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံပါတီတို့မှ နိုင်ငံရေးခေါင်းဆောင်များနှင့် ပူးပေါင်းခဲ့သည်။ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ချုပ် (AFO)ကို ဖွဲ့စည်းခဲ့သည်။

စင်စစ် ကွန်မြူနစ်ပါတီသည် မြန်မာ့လွတ်လပ်ရေးအတွက် ဦးတည်ဖွဲ့စည်းခဲ့သော ဗမာ့လွတ်လပ်ရေး တပ်မတော်၏ ကနဦး လှုပ်ရှားမှုများကို ကဖျက်ယဖျက်လုပ်ခဲ့သော နိုင်ငံရေးပါတီဖြစ်သည်။ BIA တပ်များချီတက်လာစဉ် ကွန်မြူနစ်များက နယ်ချဲ့အင်္ဂလိပ်နှင့်ပေါင်းပြီး ဂျပန်ကိုတိုက်ရန်ဟူသည့် လမ်းစဉ်ကို ချမှတ်ခဲ့သည်။ ယင်းလမ်းစဉ်သည် ကွန်မြူနစ်တို့ ပြည်ပမှ ပုံတူကူးချသော လမ်းစဉ်အမှားဖြစ်သည်။ ပြည်သူအများစုက လက်မခံဘဲ တပ်မတော်ကိုသာ သောင်းသောင်းဖြဖြ ထောက်ခံအားပေးခဲ့ကြသည်။

ထိုအချိန်မှစ၍ တပ်မတော်သည် မဟာမိတ်များနှင့် တရားဝင်ပူးပေါင်းပြီး ဖက်ဆစ်ဂျပန်တို့ကို တိုက်ခိုက်ခဲ့သည်။ မဟာမိတ်များက ၁၉၄၅ ခုနှစ် ဇူလိုင်လ ၂၃ရက်နေ့တွင် ဗမာ့တပ်မတော်ကို မျိုးချစ်ဗမာ့တပ်မတော် (**Patriotic Burmese Force, P.B.F**)ဟု တရားဝင် ပြောင်းလဲ သတ်မှတ်ခေါ်ဝေါ်ခဲ့သည်။ **စင်စစ် တပ်မတော်သည် BIA၊ BDA ဟူသော အမည်နာမများ အဆင့်ဆင့်ပြောင်းလဲခဲ့ပြီး ဖက်ဆစ်တော်လှန်ရေးတွင် ဗမာ့တပ်မတော်ကို အင်္ဂလိပ်ဘာသာဖြင့် (Burma National Army) ဟု ခေါ်ဝေါ်သုံးစွဲခဲ့ပြီးဖြစ်သည်။ တစ်နိုင်ငံလုံးကို ကိုယ်စားပြုသော အမြဲတမ်းတပ်မတော်၊ အမျိုးသားတပ်မတော် အသွင်သဏ္ဌာန်ဆောင်နေပြီဖြစ်သည်။ သို့ရာတွင် နယ်ချဲ့အင်္ဂလိပ်တို့က မြန်မာ့တပ်မတော်၏ အခန်းကဏ္ဍကို နှိမ့်ချဆက်ဆံလိုခဲ့ကြသည်။ မျိုးချစ်ဗမာ့တပ်မတော်ဟု ခေါ်ဝေါ်သုံးစွဲခဲ့ခြင်းသည် အမြဲတမ်း တပ်အသွင်မှ ပြောက်ကျားတပ်သာသာမျှသာ သဘောထားကြောင်း ပေါ်လွင်ထင်ရှားနေသည်။ သို့ရာတွင် မျိုးချစ်ဟူသော ဝေါဟာရမှာ မြန်မာတစ်မျိုးသားလုံးအတွက် ဂုဏ်ယူစရာပင်ဖြစ်ခဲ့သည်။ တပ်မတော်က မျိုးချစ်တပ်မတော် ဟူသော အမည်နာမကို အနှစ်သာရရှိရှိ ဆက်ခံကျင့်သုံးခဲ့ကြောင်း ယနေ့တိုင် တွေ့ရှိနိုင်ပေသည်။**

နယ်ချဲ့အင်္ဂလိပ်တို့၏ သဘောထားအမှန်မှာ ဂျပန်နှင့်ပူးပေါင်းပြီး ၎င်းတို့ကို တိုက်ထုတ်ခဲ့သော ဗမာ့တပ်မတော်အား ဖျက်သိမ်းပစ်ရန်ပင်ဖြစ်သည်။ ထိုသို့ဖြစ်နေစဉ် ကွန်မြူနစ်တို့ကလည်း မြွေပူရာ ကင်းမှောင့်လုပ်ခဲ့ကြပြန်သည်။ ကွန်မြူနစ်ခေါင်းဆောင်များသည် ဒုတိယကမ္ဘာစစ်အတွင်း ၎င်းတို့ရရှိခဲ့သော လက်နက်မျိုးစုံဖြင့် တပ်နီဟူ၍ ဖွဲ့စည်းထူထောင်ခဲ့ပြီးဖြစ်သည်။ တော်လှန်ရေးကာလအတွင်း ပြည်သူလူထု၏ အလုံးစုံသော ထောက်ခံအားပေးမှုရရှိခဲ့သည့် တပ်မတော် ဆက်လက် ကြီးထွားမည်ကို မလိုလားခဲ့ပေ။ ထို့ကြောင့် နယ်ချဲ့အင်္ဂလိပ်တို့အား တို့မီးရှို့မီးလုပ်ပြီး တပ်မတော်ကို ဖျက်သိမ်းပစ်ရန် တွန်းအားပေးခဲ့သည်။

နယ်ချဲ့အင်္ဂလိပ်တို့ကလည်း မြန်မာပြည်မှ မစွန့်ခွာမီ ၎င်းတို့ ဖွဲ့စည်းထားသည့် မြန်မာပြည်စစ်တပ် (Burma Army) ကိုသာ လက်ကိုင်တုတ်အဖြစ် ဆက်လက်အသုံးချလိုခဲ့ကြသည်။ ဖက်ဆစ်ဂျပန်တို့ကို လက်ရှိတိုက်ခိုက်နေသော တပ်များကိုသာ ချန်ထားပြီး တိုက်ခိုက်ရန်မလိုသည့် အခြားတပ်များကို ဖျက်သိမ်းပစ်ရန် တောင်းဆိုခဲ့ကြသည်။ နယ်ချဲ့တို့က မျိုးချစ်တပ်မတော်ကို ဖျက်သိမ်းပစ်ပြီး ၎င်းတို့၏ ခါးပိုက်ဆောင်အလိုတော်ရိစစ်တပ်ဖြင့် အစားထိုးရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ တပ်မတော်နှင့် ပြည်သူတို့မှာ နယ်ချဲ့ကိုတွန်းလှန်၊ ဖက်ဆစ်ကို တိုက်ထုတ်ပြီးသောအခါ အင်္ဂလိပ်တို့၏ လက်အောက်သို့ ပြန်လည် ကျရောက်ပြီး လွတ်လပ်ရေးနှင့် ဝေးမြဲဝေးကာ တပ်မတော် ဆက်လက်ရပ်တည်ရေးမှာလည်း မရေရာ မသေချာဖြစ်ခဲ့ရပြန်သည်။

တပ်မတော်ခေါင်းဆောင်များက ဖက်ဆစ်တော်လှန်ရေးအပြီးတွင် လွတ်လပ်ရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးကို ဦးစားပေးဆောင်ရွက်ကြရန် နိုင်ငံရေးသမားများအား တိုက်တွန်းနှိုးဆော်ခဲ့သည်။ တပ်မတော်ကို ဖျက်သိမ်းမည့် နယ်ချဲ့တို့၏ အစီအစဉ်ကိုလည်း ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့သည်။ ၁၉၄၅ခုနှစ် ဩဂုတ်လ ၁၃ရက်နေ့၌ ဖဆပလက ကြီးမှူးပြီး နေသူရိန်ညီလာခံ ကျင်းပသည်။ အမျိုးသားရေးစိတ်ဓာတ်ရှိသော နိုင်ငံရေးပါတီအားလုံး ဖဆပလနှင့် ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ခဲ့သည်။ ညီလာခံတွင် အဆိုအမှတ်(၁)အဖြစ် ဒီးဒုတ်ဦးဘချိုက ဗမာ့တပ်မတော် အဆိုကို တင်သွင်းခဲ့သည်။ ကရင်တိုင်းရင်းသား ခေါင်းဆောင် မန်းဘခိုင်က တပ်မတော်ကို ကျေးဇူးရှင်အဖြစ် ထောက်ခံခဲ့သည်။ ပြည်သူတစ်ရပ်လုံးကလည်း မျိုးချစ်တပ်မတော် ဆက်လက်ရှင်သန် ရပ်တည်ရေးကို ခြွင်းချက်မရှိ ထောက်ခံခဲ့ကြသည်။

ဤညီလာခံကြီးသည် ဖက်ဆစ်တော်လှန်ရေးအပြီးတွင် မြန်မာ့လွတ်လပ်ရေးအတွက် ပထမဆုံးဆင်နွှဲသော နိုင်ငံရေးတိုက်ပွဲကြီးပင်ဖြစ်သည်။ ဤအမျိုးသားနိုင်ငံရေးလုပ်ငန်းစဉ်ကြီးတွင် တပ်မတော် ဆက်လက်ရှင်သန်ရပ်တည်ရေးသည် အရေးအကြီးဆုံးကဏ္ဍမှ ပါဝင်ခဲ့သည်။ တပ်မတော် အကြီးအကဲများနှင့် အမျိုးသားနိုင်ငံရေးသမားများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ပြည်သူလူထု၏ တစ်ခဲနက် ထောက်ခံမှုကြောင့် သမိုင်းတွင် ထင်ရှားသည့် ကန္ဒီစာချုပ်ကို ၁၉၄၅ ခုနှစ် စက်တင်ဘာလ ၂၅ရက်နေ့တွင် မဟာမိတ်တို့နှင့် ချုပ်ဆိုနိုင်ခဲ့သည်။ ဤကန္ဒီစာချုပ်အရ တပ်မတော်သည် နယ်ချဲ့အင်္ဂလိပ်တို့၏ လက်အောက်မှာပင် တရားဝင် ရပ်တည်ခွင့်ရရှိခဲ့သည်။ မြန်မာပြည်သူတစ်ရပ်လုံးသည် လုံးဝ လွတ်လပ်ရေးအတွက် တပ်မတော်ကိုသာ အားကိုးနေခဲ့ကြပြီ ဖြစ်သည်။

မြန်မာ့လွတ်လပ်ရေးအတွက် နိုင်ငံရေးတပ်ပေါင်းစုဖြစ်သည့် ဖဆပလက ဦးဆောင်ဦးရွက်ပြုခဲ့သည်။ သို့ရာတွင် ဖဆပလအတွင်းမှာပင် ကွန်မြူနစ်ပါတီနှင့် ပြည်သူ့အရေးတော်ပုံပါတီတို့ မသင့်မမြတ် ဖြစ်နေခဲ့ကြသည်။ ကွန်မြူနစ်တို့က ပါတီနိုင်ငံရေးအတွက် တစ်စင်ထောင်ရန် ကြိုးပမ်းလာသဖြင့် ဖဆပလမှ ထုတ်ပယ်ခံခဲ့ရသည်။ ကွန်မြူနစ်ပါတီ နှစ်ခြမ်းကွဲပြီး ပါတီရေး၊ ပုဂ္ဂိုလ်ရေး ဦးစားပေးမှုများ ပြင်းထန်ရှုပ်ထွေးလာသည်။ မြန်မာ့လွတ်လပ်ရေးအတွက် အမျိုးသားနိုင်ငံရေး ဦးဆောင်မှုနေရာကို မည်သည့်နိုင်ငံရေးသမားမျှ မတက်လှမ်းနိုင်ခဲ့ကြပေ။ တပ်မတော်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းကိုသာ အားလုံးက လိုလားထောက်ခံခဲ့ကြသည်။ ဤသို့ဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် တပ်မတော်နှင့် မျိုးချစ်နိုင်ငံရေး အင်အားစုများကို မဏ္ဍိုင်ပြုပြီး မြန်မာ့နိုင်ငံရေးကို ဦးဆောင်ခဲ့ရသည်။

လွတ်လပ်ရေးအတွက် တစ်နိုင်ငံလုံး လှုပ်ရှားဆောင်ရွက်နေစဉ်မှာပင် နိုင်ငံရေးအကြမ်းဖက်မှုများ ပေါ်ပေါက်လာခဲ့ပြန်သည်။ မစားရတဲ့အမဲ သဲနှင့်ပက်သည့် နယ်ချဲ့တို့၏ အကြံအစည်နှင့်ပွဲလှန့်ပြီး ဖျာဝင်ခင်းလိုသည့် အမျိုးသား သစ္စာဖောက်တို့၏ လုပ်ရပ်ပူးပေါင်းမိပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် နိုင်ငံရေးခေါင်းဆောင်အချို့ လုပ်ကြံခံခဲ့ရသည်။ လက်သည်းဆိတ် လက်ထိပ်နာ ဆိုသကဲ့သို့ တပ်မတော်သားများနှင့် ပြည်သူလူထု၏ မျိုးချစ်စိတ်ဓာတ်မှာ အထွတ်အထိပ်သို့တိုင် ရောက်ရှိနေပြီဖြစ်သည်။ နယ်ချဲ့နှင့် အမျိုးသားသစ္စာဖောက်များ ရှေ့ဆက်မလှမ်းသာတော့ဘဲ မြန်မာ့လွတ်လပ်ရေးကို မလွှဲမရှောင်သာ ပေးခဲ့ရသည်။

၁၉၄၅ခုနှစ် ဩဂုတ်လ ၁၃ရက်နေ့၌ ဖဆပလက ကြီးမှူးပြီး နေသူရိန် ညီလာခံ ကျင်းပသည်။ အမျိုးသားရေးစိတ်ဓာတ်ရှိသော နိုင်ငံရေးပါတီအားလုံး ဖဆပလနှင့် ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ခဲ့သည်။ ညီလာခံတွင် အဆိုအမှတ်(၁)အဖြစ် ဒီးဒုတ်ဦးဘချိုက ဗမာ့တပ်မတော်အဆိုကို တင်သွင်းခဲ့သည်။ ကရင်တိုင်းရင်းသားခေါင်းဆောင် မန်းဘခိုင်က တပ်မတော်ကို ကျေးဇူးရှင်အဖြစ် ထောက်ခံခဲ့သည်။ ပြည်သူတစ်ရပ်လုံးကလည်း မျိုးချစ်တပ်မတော် ဆက်လက်ရှင်သန် ရပ်တည်ရေးကို ခြွင်းချက်မရှိ ထောက်ခံခဲ့ကြသည်။

(၆၅)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရန် တိုင်းရင်းသား ပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၃။ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို ပြည်သူ့စွမ်းအား၊ စည်းလုံးမှုစွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ် တိုက်ဖျက်ရေး။

၄။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

နှစ်ပေါင်းတစ်ရာကျော် နယ်ချဲ့လက်အောက်၌ ဖိနှိပ်ချုပ်ခြယ် သွေးထိုးသပ်လျှိုခံထားရသော မြန်မာနိုင်ငံဝယ် လွတ်လပ်ရေးနှင့်အတူ ဖွားဖက်တော်အဖြစ် ပြည်တွင်းသောင်းကျန်းမှု စစ်မီးတောက်ကြီး လောင်မြိုက်ခဲ့ရပြန်သည်။ ကွန်မြူနစ်များက လက်နက်ကိုင်လမ်းစဉ်ကို ကိုင်စွဲပြီး ဖဆပလအစိုးရကို ဆန့်ကျင်တိုက်ခိုက်ခဲ့သည်။ နယ်ချဲ့တို့က လူမျိုးရေးအရ ခွဲခြားဖွဲ့စည်းထားခဲ့သည့် ယခင် Burma Army လက်ကျန် ကရင်တပ်ဖွဲ့အချို့နှင့် KNDO တို့ကလည်း ဖဆပလ အစိုးရကို လက်နက်စွဲကိုင်ဆန့်ကျင်တိုက်ခိုက်ခဲ့သည်။ ကွန်မြူနစ်တို့က မြန်မာ့တပ်မတော်ထဲတွင် ဝင်ရောက်သပ်လျှို သွေးခွဲကဲ့ထုတ်သွားသဖြင့် တပ်ရင်းတပ်ဖွဲ့အချို့ တောခိုခဲ့ကြသည်။ ရန်ကုန် ခြောက်မိုင်အစိုးရဟု အခေါ်ခံရသည်အထိ တစ်တိုင်းပြည်လုံး စစ်မီးဟုန်းဟုန်းတောက်နေချိန်တွင် တပ်မတော်သည် ရှိစုမဲ့စု အင်အားဖြင့် ပြည်တွင်းသောင်းကျန်းမှု စစ်မီးလျှံကို တွန်းလှန်နှိမ်နင်းခဲ့ရပြန်သည်။ စစ်ရေးသည် နိုင်ငံရေး၏ အဆက်ဖြစ်သည်ဆိုရာ နိုင်ငံရေးသမားအချင်းချင်း အာဏာလုစစ်ခင်းပွဲတွင် တပ်မတော်က အသက်ကိုနှင်း၍ ဖြေရှင်းပေးခဲ့ရခြင်းဖြစ်သည်။

ပြည်တွင်းသောင်းကျန်းမှုကို စဉ်ဆက်မပြတ်နှိမ်နင်းနေရချိန်မှာပင် နယ်ချဲ့လက်သစ်တို့၏စနက်ဖြင့် ကူမင်တန်တပ်များ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ကျူးကျော် အခြေစိုက်ခဲ့ကြပြန်သည်။ ဤကိစ္စနှင့် ပတ်သက်၍ နိုင်ငံရေးနည်းဖြင့် လိပ်ခဲတည်းလည်း ဖြေရှင်းနေရချိန်မှာပင် တပ်မတော်က စစ်ဆင်ရေးကြီးများ ဆင်နွှဲတိုက်ခိုက်ခဲ့ရသည်။ ဤသို့ဖြင့် ရန်မီးတောက်များ အလျှံငြိမ်သက်စ ကာလတစ်ရပ်သို့ ရောက်လာခဲ့သည်။ ထုံးစံအတိုင်း နိုင်ငံရေးသမားများအတွင်း ဆင်းရဲသည့်ဒဏ်ကို ခံနိုင်သော်လည်း ချမ်းသာသည့်ဒဏ် မခံနိုင်သည့် ဖြစ်ရပ်များ ပေါ်ပေါက်လာခဲ့သည်။ ဖဆပလအဖွဲ့ချုပ်ကြီးအတွင်း အကွဲအပြဲဇာတ်လမ်းများ ပေါ်ပေါက်လာသည်။ မြေအောက် နိုင်ငံရေးသမားများက လက်နက်ကိုင်သောင်းကျန်းမှုလမ်းစဉ်ကို ကိုင်စွဲခဲ့ကြသလိုပင် မြေပေါ်နိုင်ငံရေးသမားများကလည်း ခါးပိုက်ဆောင်တပ်များကို အလျှိုအလျှို ထူထောင်ထားခဲ့ကြသည်။ နိုင်ငံရေးသမားအချို့က တပ်မတော်ကိုပင် ၎င်းတို့၏ လက်ခုပ်ထဲမှ ရေသဖွယ် စိုးမိုးခြယ်လှယ်ရန် ကြံစည်လုပ်ဆောင်ခဲ့ကြသည်။

ပါလီမန်ဒီမိုကရေစီခေတ်တွင် တပ်မတော်သည် နိုင်ငံရေးကိစ္စများနှင့် ကင်းရှင်းစွာနေထိုင်ခဲ့သည်။ မလွဲမရှောင်သာ တာဝန်ပေးသည့်အခါများ၌သာ နိုင်ငံရေးအင်အားစုများကို ပူးပေါင်းကူညီပေးခဲ့သည်။ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအင်အားစုများအနေဖြင့် မြန်မာ့နိုင်ငံရေးကို မှန်မှန်ကန်ကန် ဦးဆောင်ဖြေရှင်းပေးမည်ဟု ယုံကြည်ထားခဲ့သည်။ သို့ရာတွင် အာဏာယစ်မူးလာသော နိုင်ငံရေးပါတီတို့၏ ထုံးစံအတိုင်း တိုင်းပြည်အကျိုးထက် ပါတီအကျိုး၊ အများအကျိုးထက် အတ္တအကျိုး ဦးစားပေးမှုများ ထိန်းမနိုင်သိမ်းမရအောင် ဖြစ်ပွားလာခဲ့သည်။ လွတ်လပ်ရေးနှင့် အတူ ရယူတည်ဆောက်လာခဲ့ရသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပြိုကွဲပျက်စီးခဲ့သည်။ ပြည်ထောင်စု ပြိုကွဲရေးသို့ ဦးတည်သော ခြေလှမ်းများက တားမရဆီးမရ ဖြစ်လာသည်။ တိုင်းပြည် အစိတ်စိတ် အမွှာမွှာ ပြိုကွဲပြီး လွတ်လပ်ရေးပင် ပြန်လည်ဆုံးရှုံးမည့်အခြေသို့ ဆိုက်ရောက်လာခဲ့သည်။

ဤသို့ဖြင့် အမျိုးသားနိုင်ငံရေးဦးဆောင်မှု အစဉ်အလာကြီးမားခဲ့သော တပ်မတော်သည် ပါလီမန်ဒီမိုကရေစီစနစ်ကို တစ်ခန်းရပ်စေပြီး နိုင်ငံတော်အာဏာကို မလွှဲမရှောင်သာ ရယူကျင့်သုံးခဲ့ရသည်။ လွတ်လပ်ရေးကြိုးပမ်းစဉ် ကာလကတည်းက ဗိုလ်ချုပ်အောင်ဆန်းနှင့် နိုင်ငံရေးခေါင်းဆောင်များ ရည်မှန်းထားရှိခဲ့သည့် ဆိုရှယ်လစ်စနစ်ကို မြန်မာနိုင်ငံတွင် ကျင့်သုံးရန် အားထုတ်ကြိုးပမ်းခဲ့သည်။ တပ်မတော်သည် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ ဦးဆောင်မှုကို ခံယူခဲ့သည်။ ပြည်သူ့တပ်မတော်အဖြစ် တည်ဆောက်ရင်း ပြည်သူလူထုကို အလုပ်အကျွေးပြုခဲ့သည်။ ပြည်ပအကူအညီဖြင့် အင်အားကြီးထွား ခေါင်းထောင်ထလာသော လက်ဝဲလက်ယာ သောင်းကျန်းသူအဖွဲ့များကို သမားရိုးကျ စစ်ပွဲကြီးများအထိ ဆင်နွှဲ နှိမ်နင်းနိုင်ခဲ့သည်။ တပ်မတော်နှင့်ပြည်သူ တစ်သွေးတည်း တစ်သားတည်း ဖြစ်ခဲ့သည်။ နယ်ချဲ့နှင့် ဆန့်ကျင်ဘက် နိုင်ငံရေးအင်အားစုများက တပ်မတော်ကို ကြေးစားစစ်တပ်သဖွယ် ပြည်သူလူထုနှင့် တစ်သီးတခြား ကင်းကွာနေစေလိုသော်လည်း တပ်မတော်သည် ပြည်သူ့တပ်မတော်၊ မျိုးချစ် တပ်မတော်အဖြစ် ပြည်တွင်းပြည်ပ အန္တရာယ်ရန်စွယ်များကို ပြည်သူတို့နှင့်အတူ တွန်းလှန်ချေမှုန်းနိုင်ခဲ့သည်။

မြန်မာနိုင်ငံသည် နယ်ချဲ့လက်အောက်မှ လွတ်မြောက်ခဲ့သည်မှန်သော်လည်း နိုင်ငံတော်ကို ဖန်တီးတည်ထောင်ရာ၌ ကမ္ဘာ့အရေးအခင်းများနှင့် ဆက်စပ်ပတ်သက်နေရသည်ဖြစ်ရာ စစ်အေးတိုက်ပွဲ ကာလအတွင်း ပြည်ပ ပယောဂမျိုးစုံနှင့် ကြုံတွေ့ခဲ့ရသည်။ အခြား ဆိုရှယ်လစ်နိုင်ငံများ ကြုံတွေ့ခဲ့ရသည့် သမိုင်းတစ်ကွေ့ကို ၁၉၈၈ခုနှစ်တွင် ရင်ဆိုင်ဖြတ်သန်းခဲ့ရသည်။ ထိုအရေးအခင်းကာလတွင် သမိုင်း အစဉ်အလာနှင့်အညီ ပြည်သူလူထု၏ ရှေ့မှ မားမားမတ်မတ် ရပ်တည်ပေးမည့် တပ်မတော်၏ အလားအလာကို ကြိုမြင်သော လက်ဝဲလက်ယာ အဖျက်သမားများက တပ်မတော်ဖြိုခွင်းရေးကို အဓိက လုပ်ကြံဆောင်ရွက်ခဲ့ကြသည်။

သို့ရာတွင် တပ်မတော်သည် အရေးကြုံတိုင်း သက်လုံကောင်းမြဲဖြစ်သည်။ အမျိုးသားနိုင်ငံရေး အစဉ်အလာကောင်းကို ထိန်းသိမ်းမြှင့်တင်နေမြဲဖြစ်သော တပ်မတော်သည် ပြည်သူလူထု လိုလားတောင့်တသော ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးဖော်ဆောင်ရေးတို့ကို ဦးစီးဦးဆောင် ထမ်းဆောင်ပေးခဲ့သည်။ ထိုအခါ လက်ဝဲလက်ယာ အဖျက်သမားများက ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး စသည်တို့ကို ဗန်းပြပြီး တပ်မတော်ဖြိုခွဲရေးကိုဆောင်ရွက်ခဲ့ကြပြန်သည်။ အာဏာကို ဖြတ်လမ်းက ရယူလိုသော နိုင်ငံရေးသမားအချို့က နိုင်ငံရေးဂုဏ်သရေကိုပင် မထောက်ထားတော့ဘဲ မင်းသားခေါင်းချွတ်ပြီး ဘီလူးခေါင်း ထုတ်ပြသည်အထိ ဖြစ်ခဲ့ကြသည်။

"တပ်မတော်ကို ခေါင်းဖြတ် ကိုယ်ယူမည်၊ နရင်ဘတ် စစ်ခုံရုံးတင်မည်၊ တပ်မတော်သည် ဖက်ဆစ် အလုပ်ကိုလုပ်နေသည်"ဟူသော မဟုတ်မမှန် လုပ်ကြံပုတ်ခတ် စွပ်စွဲချက်များ ပေါ်ထွက်ခဲ့သည်မှာ အများအသိပင်ဖြစ်သည်။ တစ်ချိန်က ကွန်မြူနစ်တို့၏ ဖွဲ့ထုတ် စည်းရုံးမှုခံရပြီး တောခိုသွားသည့် တပ်မှူးအချို့ကဲ့သို့ပင် တချို့သော စစ်ဘက်အရာရှိဟောင်းများကလည်း တိုင်းပြည်၏ ရှေ့ရေးကို မတွေး မကြောက်ဘဲ ၎င်းတို့တစ်စုတစ်ဖွဲ့ အာဏာရရှိရေးအတွက် တပ်မတော် ဖြိုခွဲရေးလုပ်ရပ်များကို အရေးအခင်း ကာလအတွင်း ပြောင်ပြောင်တင်းတင်း လုပ်ဆောင်ခဲ့ကြသည်။ တပ်မတော်က အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်နိုင်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများကို အင်တိုက်အားတိုက် တည်ဆောက်ပေးခဲ့သည့် ကာလတစ်လျှောက်လုံး တပ်မတော်ဖြိုခွဲရေး လုပ်ရပ်များကို ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက် အင်အားစုများ လက်ဝါးချင်းရိုက် လုပ်ခဲ့ကြသည်မှာ ယနေ့ထက်တိုင်ပင် ဖြစ်သည်။

မည်သို့ပင်ဖြစ်စေကာမူ နယ်ချဲ့၊ ဖက်ဆစ်၊ ကွန်မြူနစ်နှင့် ဆိုးညစ်သော နိုင်ငံရေးသမားတို့၏ ဖိနှိပ်ချုပ်ခြယ် သပ်လျှိုသွေးခွဲ ပိတ်ပင်တားဆီးမှု အမျိုးမျိုးအဖုံဖုံကြားမှပင် ကျော်လွှားလွန်မြောက်နိုင်ခဲ့သော တပ်မတော်သည် ယနေ့ကာလတွင် နိုင်ငံတော်နှင့်ပြည်သူကို ထာဝစဉ်ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထားပြီး အင်အားတောင့်တင်းခိုင်မာသော ခေတ်မီ မျိုးချစ်တပ်မတော်အဖြစ်သို့ တစ်ဆင့်ထက် တစ်ဆင့်မြင့်လျက် ကြိုးပမ်း တက်လှမ်းနေသည်မှာ အားတက်ဖွယ်ဖြစ်ပါကြောင်း တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို ရေးသားလိုက်ရပါသည်။ ။

လေးချက်မိဋ္ဌာန် ဦးထိပ်ပန်၍

* တိုင်းပြည်အတွက်၊ ယုံကြည်ချက်ဖြင့်
လေးချက်မိဋ္ဌာန်၊ ဦးထိပ်ပန်လျက်
နိုင်ငံ့နှစ်၊ ကျွန်အဖြစ်မှ
တစ်ခေတ်ဆန်းကာ၊ လွတ်လပ်ပါအောင်
မြန်မာပြည်ဖွား၊ တိုင်းရင်းသားတို့
အင်အားစုစည်း၊ တစ်သားတည်းလျှင်
ဖွဲ့စည်းခဲ့သည့် တပ်မတော်။

* ခရီးအစ၊ ပြုသည်မှလျှင်
ကာလခုတိုင်၊ မယိမ်းယိုင်ခဲ့
နိုင်ငံအတွက်၊ သွေးအသက်ကို
ပေးဆက်ရလည်း၊ ဝမ်းမနည်းဘဲ
ဖွဲ့စည်းခိုင်မာ၊ ချီတက်ပါခဲ့
မြန်မာဟူသည့်၊ ဒို့အမိကို
ပကတိမြေပုံ၊ မပျက်တုံအောင်
ကြိုက်ကြံခက်ခဲ၊ ဒို့လက်တွဲလျက်
စွဲပြည့်လျှံမောက်၊ ရဲရဲတောက်ပင်
စောင့်ရှောက်ခဲ့သည့် တပ်မတော်။

* မြန်မာ့မြေကို၊ ဖြိုခွဲလို၍
ကြောင်အို ကြောင်ပါး၊ နယ်ချဲ့များလျှင်
သွေးသားချင်းတွေ၊ စစ်ခင်းစေရန်
စေတမန်နှီး၊ သူလျှိုမျိုးနှင့်
သွေးထိုးကြံစည်၊ ဉာဏ်ပလီလည်း
ပြည်ထောင်အရေး၊ ညီအောင်တွေးသော်
သွေးရင်းသားရင်း၊ အချင်းချင်းကို
စစ်ခင်းသတ်ဖြတ်၊ ဖြေရှင်းအပ်ဟု
တပ်မတော်သည်၊ မယုံကြည်ဘဲ
ညီညွတ်ခွင့်လမ်း၊ ပြည်တစ်ဝန်းကို
ငြိမ်းချမ်းစေသည့် တပ်မတော်။

* ညီညွတ်ငြိမ်းချမ်း၊ ပြည်တစ်ဝန်းကို
ငြိမ်းချမ်းစိုပြည်၊ ဖွံ့ဖြိုးစေအောင်
အခြေခံအုတ်မြစ်၊ ဥပဒေသစ်ကို
စနစ်တကျ၊ ပြည်သူကလည်း
ဆန္ဒညီစွာ၊ အတည်ပြုပါခဲ့
ခုခါဖြောင့်တန်း၊ ရှေ့ဆက်လှမ်းသည်
စွမ်းရည်ရှိသော တပ်မတော်။

* သြော်....
ပြည်သူ့တပ်မတော်၊ ဒို့တပ်မတော်ကား
ရှေ့သော်ဆီးတား၊ ခက်ခဲများကို
ဖယ်ရှားမသွေ၊ အမိမြေအတွက်
ကျော်လွှားမသွေ၊ ပြည်သူတွေအတွက်
မသွေထုတ်ချောက်၊ ပန်းတိုင်ရောက်အောင်
ရှုံ့ကြောက်မဲ့ကင်း၊ ရဲရင့်ခြင်းဖြင့်
ပြည်တွင်းအားသာ၊ ကိုးစားရာဟု
ခိုင်မာယုံကြည်၊ ခရီးရှည်ကို
လှမ်းချီမပျက်၊ ရှေ့သို့ဆက်ရင်း
လေးချက်မိဋ္ဌာန်၊ ဦးထိပ်ပန်သည်
နိုင်ငံချစ်စိတ်နှင့်တကား။ ။

မြင်းမှူမောင်နိုင်မိုး

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုလျက်-

တပ်မတော်အင်အားနဲ့မှ

ကာတွန်း-လင်းမြတ်

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ လူစီးမော်တော်ယာဉ် တာယာအမျိုးအစား ၁၁မျိုးကို တစ်နှစ်လျှင် အလုံးရေ သုံးသိန်း ထုတ်လုပ်နိုင်မည့် အမှတ်(၂) စက်မှုဝန်ကြီးဌာန အမှတ်(၂) တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုစက်ရုံ(ဘီးလင်း)ကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

(၆၅)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြု

ပဲခူးတိုင်း ရေတာရှည်မြို့နယ် သာဂရစက်မှုနယ်မြေရှိ မြေထိုး မြေတူး ယန္တရားထုတ်လုပ်မှုစက်ရုံ(သာဂရ)ကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ပဲခူးတိုင်း တောင်ငူခရိုင် ရေတာရှည်မြို့နယ် ရေနီ အမှတ်(၂) စက်ရုံအနီးရှိ တန်၅၀ သတင်းစာပျော့ဖတ်နှင့် တန် ၈၀ ထုပ်ပိုး စက္ကူစက်ရုံကြီးကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်စက်ရုံ (ပျော်ဘွယ်)ကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော စက်မှုကဏ္ဍ

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၉	တိုးတက်မှု
၁	**စက်မှုစွမ်းအားမြှင့်တင်ခြင်း**			
	- စက်မှုဇုန်များ	-	၂၈	၂၈
	- ဇုန်ကြီး	-	၁၈	၁၈
	- ဇုန်ခွဲ	-	၁၀	၁၀
	- လုပ်ငန်းပေါင်း	-	၉၅၈၉	၉၅၈၉
	- ပုဂ္ဂလိကစက်ရုံ	၂၆၆၉၀	၄၃၇၈၉	၁၇၀၉၉
	- အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများ	-	၁၀၈၇၉	၁၀၈၇၉
၂	**နိုင်ငံပိုင်စက်ရုံအလုပ်ရုံများ (စက်မှု-၁)**	၆၂၄	၇၉၃	၁၆၉
၃	**နိုင်ငံပိုင်စက်ရုံအလုပ်ရုံများ (စက်မှု-၂)**	၉	၃၁	၂၂
	- တည်ဆောက်ပြီး	၉	၂၅	၁၆
	- တည်ဆောက်ဆဲ	-	၆	၆

စာမျက်နှာ ၇ မှ

ရထားလမ်းကြီး သုံးလမ်းပြီးစီးပါက ရထားလမ်း ကွန်ရက်ကြီးဖြစ်ပေါ်လာမည့် အခြေအနေနှင့် မြန်မာ့မီးရထားလမ်း ကွန်ရက်များနှင့် ဆက်သွယ်သွားလာနိုင်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က တည်ဆောက်ရေး လုပ်ငန်းများကို စံချိန်စံညွှန်းမီအောင် ဆောင်ရွက်ရေး၊ မြစ်ကြောင်းပြောင်းလဲနိုင်မှု အခြေအနေများကို အမြဲမပြတ် လေ့လာ တိုင်းတာရေးတို့ကို မှာကြားသည်။

တည်ဆောက်နေမှု

ယင်းနောက် အတွင်းရေးမှူး(၁)သည် စီမံကိန်းလုပ်ငန်းခွင်၌ ပင်မတံတား အောက်ခြေအုတ်မြစ်ထည် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်က ဧရာဝတီမြစ်ကူးတံတား သစ်ကြီး ငါးစင်းကို တစ်ပြိုင်တည်း တည်ဆောက်လျက်ရှိသည်။ ယင်းတံတားကြီး ငါးစင်းအနက် စင်းခန်းတံတား၊ ပခုက္ကူ တံတား၊ မလွန်တံတားနှင့် ညောင်တုန်း တံတားတို့သည် ရထားရော ကားပါ သွားလာနိုင်သည့် တံတားကြီးများဖြစ်ပြီး ရတနာသိင်္ဃတံတားမှာ ကားလမ်းသွား တံတားဖြစ်သည်။ အဆိုပါ တံတားသစ်ကြီး ငါးစင်းတည်ဆောက်ပြီးစီးပါက ဧရာဝတီ မြစ်ကူးတံတားသစ်ကြီး စုစုပေါင်း ၁၃စင်း ရှိလာမည်ဖြစ်သည်။

အရှည်ဆုံးတံတား

ဧရာဝတီတံတား(ပခုက္ကူ)တည်ဆောက်ပြီးစီးပါက စုစုပေါင်းအရှည် ၂၁၈၉ ပေခန့် ရှိမည်ဖြစ်ရာ မြန်မာနိုင်ငံတွင် အရှည်ဆုံး တံတားကြီးအဖြစ် အသစ်ပေါ်ပေါက်လာမည် ဖြစ်သည်။

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် လက်ပန်ခြေပေါ်ဘက်ကမ်း စီမံကိန်း လုပ်ငန်းခွင်မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ညနေ ၄နာရီတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

အမှတ်(၂)သံမဏိစက်ရုံ(မြောင်းတကာ)၌ အဆောက်အအုံနှင့် တံတားများဆောက်လုပ်ရာတွင် အသုံးပြုသည့် သံမဏိပြားများ ထုတ်လုပ်နေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

အမှတ်(၃) သံမဏိစက်ရုံ(ရွာမ)ကို တွေ့ရစဉ်။ (သတင်းစဉ်)

အလင်းရောင် ရုပ်မြင်သံကြားဇာတ်လမ်း

မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့မှ မတ် ၂၃ ရက်မှ ၂၅ ရက်အထိ ထုတ်လွှင့်ပြသမည်

နေပြည်တော် မတ် ၂၁

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ထုတ်လွှင့်ပြသမည့် အလင်းရောင် ရုပ်မြင်သံကြားဇာတ်လမ်း ပထမပိုင်းကို မတ် ၂၃ ရက် ည ၈နာရီ သတင်းများအပြီးတွင် လည်းကောင်း၊ ဇာတ်လမ်းဒုတိယပိုင်းကို မတ် ၂၄ ရက် ည ၈နာရီ သတင်းများအပြီးတွင်လည်းကောင်း၊ ဇာတ်သိမ်းပိုင်းကို မတ် ၂၅ရက် ည ၈နာရီ သတင်းများအပြီးတွင်လည်းကောင်း မြန်မာ့ရုပ်မြင်သံကြားနှင့်မြဝတီရုပ်မြင်သံကြားတို့မှ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၃-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ရသတဏှာ** တရားတော် (အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၅၇)
၈:၃၀ Premier League Highlight
၈:၅၅ သွန်းပြုပူဇော် ရှစ်သောင်းလေး ထောင် အဘိနိမ္မိတဗုဒ္ဓရုပ်ပွားတော်
၉:၁၀ Activities in the City (Follow Me & Secret အလှကုန် ပစ္စည်းသစ်မိတ်ဆက်ပွဲ)
၉:၃၀ Global Panorama
၁၀:၂၅ ရိုသေထိုက်စွာမြတ်ဆရာ
၁၀:၄၅ International Show Biz
၁၁:၀၅ သီးနှံတို့၏အရင်းအမြစ် "ရေ"
၁၁:၂၀ မြန်မာ့မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒသမအကြိမ်နှစ်ပတ်လည် အခမ်းအနား
၁၁:၄၅ Orchard Families (အပိုင်း-၁)
၁၂:၁၅ Activities in the City -ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်မှ အလှူတော်မင်္ဂလာ ဥပဒေပညာ အာစရိယပူဇော်ပွဲ
၁၂:၄၅ ရေထဲကငွေ
၁:၀၀ **ရသတဏှာ** တရားတော် (အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ အောင်မြင်သူတို့ဘဝ ကျော်ကြားသူတို့နားခိုရာ
၃:၁၅ သွန်းပြုပူဇော်ရှစ်သောင်းလေးထောင် အဘိနိမ္မိတ ဗုဒ္ဓရုပ်ပွားတော်
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၅၇)
၄:၁၀ နွေအလှပန်းချီ တေးကိုသီ
၄:၂၀ သဘာဝကပေးတဲ့ အကျိုးအာနိသင် **လိမ္မာလာပြီ** ညီဘွား၊ နှင်းနန္ဒာဝင်း၊ ချစ်ဖွယ်၊ ဘဂျမ်း၊ မောင်ငယ်၊ ခေါလေး၊ စိုးလင်းဦး၊ သြဘာ [ဒါရိုက်တာ-ကြည်သာ (ပွဲကြိုက်ခင်)]
၄:၅၀ အမျိုးသမီးများနှင့်ဆိုင်သော အကြော၊ အဆစ်ရောဂါအကြောင်း သိကောင်းစရာ (အပိုင်း-၂) (ဒေါက်တာပန်ဒိုရာအောင်ကြီး၊ တင်မိုးလွင်၊ ရတနာခင်၊ ဒေါက်တာချစ်သုဝေ)
၅:၁၅ Activities in the City (Follow Me & Secret အလှကုန် ပစ္စည်းသစ်မိတ်ဆက်ပွဲ)
၅:၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀ MRTV-4 သတင်း
၆:၂၀ International Show Biz
၆:၃၅ အနုပညာမိုးကောင်းကင်
၇:၀၀ ဂီတသမားတို့ရဲ့ရင်ခုန်သံများ (Lamin & Mhan နှင့် တွေ့ဆုံခြင်း)
၇:၂၀ မြန်မာ့မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒသမအကြိမ်နှစ်ပတ်လည် အခမ်းအနား
၇:၄၀ စာအုပ်ပြခန်း အွန်စောတို့ဌာနေစာအုပ်ကို ရေးသားသော ဆရာကိုကို (စက်မှုတက္ကသိုလ်) နှင့် တွေ့ဆုံခြင်း
၈:၀၀ MRTV-4 သတင်း
၈:၃၀ အောင်မြင်သူတို့ဘဝ ကျော်ကြားသူတို့နားခိုရာ
၉:၀၀ အနုပညာမိုးကောင်းကင်
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၅၇)
၁၀:၀၀ အမျိုးသမီးများနှင့် ဆိုင်သော အကြော၊ အဆစ်ရောဂါအကြောင်း သိကောင်းစရာ (အပိုင်း-၂) (ဒေါက်တာပန်ဒိုရာအောင်ကြီး၊ တင်မိုးလွင်၊ ရတနာခင်၊ ဒေါက်တာချစ်သုဝေ)
၁၀:၂၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀:၄၅ သဘာဝကပေးတဲ့အကျိုးအာနိသင် **လိမ္မာလာပြီ** ညီဘွား၊ နှင်းနန္ဒာဝင်း၊ ချစ်ဖွယ်၊ ဘဂျမ်း၊ မောင်ငယ်၊ ခေါလေး၊ စိုးလင်းဦး၊ သြဘာ [ဒါရိုက်တာ-ကြည်သာ (ပွဲကြိုက်ခင်)]
၁၁:၀၅ ဂီတသမားတို့ရဲ့ရင်ခုန်သံများ (Lamin & Mhan နှင့် တွေ့ဆုံခြင်း)
၁၁:၂၀ စာအုပ်ပြခန်း အွန်စောတို့ဌာနေစာအုပ်ကို ရေးသားသော ဆရာကိုကို (စက်မှုတက္ကသိုလ်)နှင့် တွေ့ဆုံခြင်း
၁၁:၃၅ Music Talk (မိဘမေတ္တာ)
၁၁:၄၅ မြန်မာစာသုံးဖို့ မြန်မာယူနီကုဒ်ပရိဂုရမ်များ
၁၂:၀၅ ငြိမ့်ညောင်းသာယာရှမဝ မြန်မာ့ဂီတ မြန်မာ့အက
၁၂:၁၅ **ချောင်းကမ်းဘေးကရွာကလေး** နွဲ့နွဲ့စန်း၊ ထင်ပေါ်၊ တီကို၊ သဇင် [ဒါရိုက်တာ-မြင့်စိုး (ဝ/သ ရန်ကုန်)]
၁၂:၂၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည် မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၂၂-၃-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄:၂၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၅။ မျိုးချစ်တပ်မတော်
၄:၄၀ ၆။ စိုက်ပျိုးသုတ
၄:၅၀ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၂၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
၅:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၂။ လျှပ်တစ်ပြက်
၆:၄၀ ၁၃။ သံစဉ်လမ်းက လင်းလက်ကြယ်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၁၀)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၀။ (၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် **အဖေတူသား (ဇာတ်သိမ်းပိုင်း)**

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် မတ် ၂၁

မတ် ၂၁ ရက် မွန်းလွဲ ၂ နာရီ ၁၉မိနစ် ၄၂ စက္ကန့်တွင် မန္တလေး မြေငလျင်တိုင်းထွာရေး စခန်းမှ မြောက်-အနောက်မြောက်ဘက် မိုင် ၂၀၀ခန့်ကွာဝေးသော ဟုမ္မလင်းမြို့၏အရှေ့ဘက် မိုင် ၃၀ ခန့်ကွာဝေးသည့် (နန်းမလင်းရွာအနီး) နေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၄ ဒသမ ၃ အဆင့်ရှိ အင်အား အနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်း ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မြန်မာ့အလင်း **ပရီမီယာလိဂ် ဖောင်ပိတ်သတင်း**

ပတ်ဂျီဆန်၏ ခေါင်းတိုက်အနိုင်ဂိုးကြောင့် မန်ယူ ဇယားထိပ်သို့ ပြန်ရောက်လာပြန်

လန်ဒန် မတ် ၂၁

ပရီမီယာလိဂ်ပွဲစဉ်(၃၁) ပြိုင်ပွဲများကို မတ်၂၁ရက် ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူတို့ အိမ်ကွင်း၌ လီဗာပူးကိုနိုင်ပြီး ဇယားထိပ်သို့ ပြန်လည်ရောက်ရှိလာသည်။

ပွဲစသည်နှင့် လီဗာပူးနည်းပြ ဘင်နီတက်ဇ်၏ကစားသမားများ လျင်လျင်မြန်မြန် ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ငါးမိနစ်မှာပင် တိုက်စစ်မှူး တောရက်စ်က ဒက်ကွတ်ဇ်၏ ဖြတ်တင်ဘောမှတစ်ဆင့် ခေါင်းတိုက်ဂိုး သွင်းယူခဲ့သည်။

ကာကွယ်ပေးနိုင်

မန်ယူတို့ ချေပဂိုးသွင်းယူနိုင်ရေး ပြန်လည်တိုက်စစ်ဆင်ကစားခဲ့ရာ လီဗာပူး ဂိုးဧရိယာအတွင်း ဗလင်စီယာကို မာရှေယာနိုက ဆွဲချသဖြင့် ကွင်းလယ်ဒိုင်လူကြီးက ပယ်နယ်တီပေးခဲ့သည်။ ယင်းပယ်နယ်တီကို မန်ယူတိုက်စစ်မှူးရွန်နေ ကန်သွင်းရာ လီဗာပူးဂိုးသမား ရေးနာ ပုတ်ထုတ်ကာကွယ်ခဲ့သော်လည်း ရွန်နေကပင် ထပ်ဆင့်ပိတ်သွင်းနိုင်ခဲ့၍ ပထမပိုင်းပြီးချိန်၌ တစ်ဂိုးစီ သရေကျနေခဲ့သည်။

ဒုတိယပိုင်း

ဒုတိယပိုင်း၌ မန်ယူတို့ တိုက်စစ်အရှိန် မြှင့်တင်ကစားခဲ့ရာ ပွဲချိန် မိနစ် ၆၀တွင် ပတ်ဂျီဆန်က ဖလက်ချာဖြတ်တင်သော ဘောလုံးမှတစ်ဆင့် မန်ယူအတွက် ခေါင်းတိုက်ဂိုးသွင်းယူပေးခဲ့သည်။ ယင်းဂိုးသွင်းပြီး အကြိတ်အနယ် ထိုးဖောက်ကစားသော်လည်း ထပ်မံဂိုးမသွင်းနိုင်၍ မန်ယူက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ယင်း အနိုင်ပွဲကြောင့် မန်ယူတို့ ၃၁ပွဲ ကစားပြီး ရမှတ်၆၉မှတ်ဖြင့် အမှတ်ပေးဇယား ထိပ်ဆုံးသို့ ပြန်လည်ရောက်ရှိလာသည်။ ဖူလ်ဟမ်နှင့် မန်စီးတီးတို့ ကစားရာတွင် မန်စီးတီးက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားခဲ့ပြီး ချယ်လ်ဆီးအသင်း ဘလက်ဘန်းကို တစ်ဂိုးစီ သရေကျ၍ နှစ်မှတ် နစ်နာသွားခဲ့သည်။ ။ **(အင်တာနက်)**

မန်ယူအတွက် အနိုင်ဂိုးကို ပတ်ဂျီဆန်က ဤသို့ ခေါင်းတိုက် သွင်းယူပေးခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

မြင့်မောင်စိုး-စုစည်းသည်

နေပြည်တော်မဟာသကြ်န် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် မတ် ၂၁

နေပြည်တော် မဟာသကြ်န် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၁၄ရက်မှ ၁၆ရက်အထိ နေပြည်တော်ဂေါက်ကွင်း၊ မြို့တော်ဂေါက်ကွင်းနှင့် Royal Myanma ဂေါက်ကွင်းတို့၌ တစ်ကွင်းတစ်ရက်စီဖြင့် သုံးရက်ကျင်းပမည် ဖြစ်သည်။

ထိုက်ထိုက်တန်တန်

ပြိုင်ပွဲတွင် ရွှေငွေအဆင့် အသင်းလိုက်ပြိုင်ပွဲနှင့် ရွှေ၊ ငွေအဆင့် တစ်ဦးချင်းပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး ဆုများအနေဖြင့် နေ့စဉ်ကွင်းအလိုက် ကျင်းပမည့် ပြိုင်ပွဲများတွင် အသင်းလိုက် ပထမ၊ ဒုတိယဆုများနှင့် တစ်ဦးချင်း ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမဆုများကိုလည်း ကွင်းအလိုက် ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ဂေါက်ကွင်း တစ်ကွင်းတွင် တစ်ရက်စီဖြင့် သုံးရက်ယှဉ်ပြိုင်ကစားပြီးပါက အကောင်းဆုံး အသင်းအတွက် နေပြည်တော်မဟာသကြ်န် Tour Gold Cup ဖလားနှင့် အားကစားသမားတစ်ဦးချင်းကိုလည်း ရွှေသားရုပ်တု တစ်ဆုနှင့် ငွေကျပ် ၁၀သိန်းစီအပြင်၊ ဒုတိယရရှိသည့် အသင်းအား တစ်ဦးချင်း ငွေသားရုပ်တု တစ်ဆုနှင့် ငွေကျပ်ခုနစ်သိန်းစီ ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး သုံးရက်ပေါင်း တစ်ဦးချင်း အကောင်းဆုံးအားကစားသမားအား ရွှေသားရုပ်တုတစ်ဆုနှင့် ငွေကျပ်၁၀သိန်း၊ ဒုတိယဆုရရှိသည့် အားကစားသမားအား ငွေသားရုပ်တု တစ်ဆုနှင့် ငွေကျပ်ခုနစ်သိန်းစီ ချီးမြှင့်ပေးမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်နိုင်

ပြိုင်ပွဲဝင်အသင်းတစ်သင်းစီတွင် အားကစားသမား ခြောက်ဦးပါဝင်ရမည်ဖြစ်ပြီး Pro အားကစားသမား နှစ်ဦးအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲတွင် အားကစားသမားအားလုံးအနေဖြင့်လည်း အကျော့ပေး သတ်မှတ်ချက် (Handicap Zero) ဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းအနေဖြင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ သတ်မှတ်ထားသော စည်းကမ်းများနှင့် ကွင်းအလိုက် သတ်မှတ်ထားသည့် ဒေသန္တရစည်းမျဉ်း ဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသည့် ဂေါက်သီးရိုက်အားကစားသမားများ၏ အမည်စာရင်းကို ဧပြီ၈ရက် နောက်ဆုံးထား၍ နေပြည်တော် မြို့တော်ဝန်ရုံး ဖုန်း-၀၆၇-၄၁၄၆၁၀၊ ၄၁၄၂၈၉တို့သို့ ပေးပို့ရမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေး အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂၁

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် စတုတ္ထအကြိမ် အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားကို ယနေ့ နံနက်၉နာရီက မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ ဇေကမ္ဘာကုမ္ပဏီလီမိတက် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ဟိုတယ်ဇုန်များမှ ဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များ၊ ဟိုတယ်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

လှူဒါန်း

ရှေးဦးစွာ သဘာပတိဒေါက်တာခင်ရွှေက အဖွင့်အမှာစကားပြောကြားပြီး ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က ASEAN Green Hotel Standard ဆုတံဆိပ်ရရှိသည့် ဟိုတယ် ၁၀လုံး၊ Energy Efficient Buildings Compentition အကောင်းဆုံး ဆုတံဆိပ်ရရှိသည့် ဟိုတယ်နှစ်လုံး၊ Golden Award For Tourist, Hotel and Catering Industry နိုင်ငံတကာ ရွှေတံဆိပ်ဆုရရှိသည့် ဟိုတယ်နှစ်လုံးတို့ကို ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက်အသင်းအထွေထွေအတွင်းရေးမှူး ဒေါက်တာနေဇင်လတ်က နှစ်ပတ်လည်အစီရင်ခံစာနှင့် နှစ်ချုပ် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားပြီး အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်ကြသည်။ ထို့နောက် ဟိုတယ်လုပ်ငန်းရှင်များက အသင်းသို့ အလှူငွေများ လှူဒါန်းကြရာ ဝန်ကြီးနှင့် သဘာပတိတို့က လက်ခံယူပြီး သဘာပတိ ဒေါက်တာခင်ရွှေက နိဂုံးချုပ်အမှာစကားပြောကြားသည်။

(မြန်မာ့အလင်း)

ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ မိုင်းရယ်မြို့နယ် နားဆန်းကျေးရွာ၌ ကျင်းပ

မိုင်းရယ် မတ် ၂၁

မိုင်းရယ်မြို့နယ် လုတ်ခိုက်ကျေးရွာအုပ်စု နားဆန်းကျေးရွာ၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ငွေကျပ် သိန်း၃၀နှင့် စေတနာရှင်ပြည်သူများ စုပေါင်းလှူဒါန်းငွေနှင့် ဆောက်လုပ်ခဲ့သော မူလတန်းကျောင်းဆောင်သစ် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၉ရက်က အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းကိုက အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

လွှဲပြောင်းပေးအပ်

ထို့နောက် ကျောင်းဆောင်သစ်နှင့်စပ်လျဉ်းသည့် မှတ်တမ်းများကို နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးညွန့်ဆန်းက မြို့နယ်ပညာရေးမှူး ဦးမျိုးမြင့်ထံ လွှဲပြောင်းပေးအပ်သည်။ ဆက်လက်၍ တာဝန်ရှိသူများက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

(ပြည်နယ် ပြန်/ဆက်)

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်ခွယ်

ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ သင်တန်းအမှတ်စဉ်(၁/၂၀၀၉)သင်တန်းသားများ ပူးပေါင်း၍ မြို့အဝင် ဗိုလ်ချုပ်လမ်းဘေး ရေမြောင်းကို သန့်ရှင်းရေး ဆောင်ရွက်စဉ်။

(မြို့နယ် ပြန်/ဆက်)

ဟောပြောပွဲကျင်းပမည်

ရန်ကုန် မတ် ၂၁

Wise International က ကြီးမှူး၍ **ABE (UK)** ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲကို မတ် ၂၇ရက် (စနေနေ့) မွန်းလွဲ၁နာရီမှ ညနေ၄နာရီအထိလည်းကောင်း၊ **ABE Trial Couse** ဟောပြောပို့ချခြင်းကို မတ် ၂၈ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီခွဲမှ ၉နာရီခွဲအထိ လည်းကောင်း၊ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းနှင့် ရွှေဂုံတိုင်လမ်းထောင့်ရှိ ယုဇနတာဝါ ၁၀လွှာ အခန်းအမှတ်(၁၀၀၉)၌ ပြုလုပ်မည်ဖြစ်၍ တက်ရောက်လိုသူများသည် ဖုန်း-၅၅၆၁၈၃ နှင့်၀၉-၅၁-၅၇၀၃၂တို့သို့ဆက်သွယ်စာရင်းပေး၍ အခမဲ့တက်ရောက်နိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)



မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ဘက်ထရီလုပ်ငန်း ခဲကျိုချက်လောင်းအနံ့ဆိုးကြောင့် ခဲဆိပ်သင့်အန္တရာယ်စိုးရိမ်နေရ

စာတည်းခင်ဗျား-

ရွှေပြည်သာမြို့နယ် အမှတ်(၄)လမ်းမကြီးဘေးရှိ ဘုံရှည်ကုန်းကျေးရွာ အုတ်ဖိုကျေးရွာအုပ်စု ဝင်ထွက်လမ်းမကြီး၏ အိမ်တစ်အိမ်တွင် လမ်းပိတ်ဆို့၍ ဘက်ထရီလုပ်ငန်းမှထွက်သော ခဲကျိုချက်လောင်း အနံ့ဆိုးများကြောင့် သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ ခဲဆိပ်သင့်ခြင်းအန္တရာယ်ကို စိုးရိမ်ရခြင်းနှင့် ၎င်းဆိုင်သည် ကားဝင်၊ ထွက်လမ်းကို ပိတ်ဆို့ပြီးပြုလုပ်ခြင်းကြောင့် ကားဝင်ထွက်မရခြင်း၊ နွေရာသီဖြစ်တတ်သော မီးဘေးအန္တရာယ်များကျရောက်ပါက မီးသတ်ယာဉ်များ ဝင်ထွက်၍မရခြင်းကြောင့် ၎င်းလုပ်ငန်းအား ကျေးရွာအတွင်းမှ သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

ကျေးရွာသားများ

ခွေးလေခွေးလွင့်များ ပေါများနေ

စာတည်းရှင့်-

ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁) ရပ်ကွက် ရွှေတောင်ကြား (၁)လမ်းတွင် ခွေးလေခွေးလွင့်များ ပေါများပြီး ရုံးသွားရုံးပြန် ဖြတ်သန်းသွားလာသူများကို နောက်မှ မကြာခဏ လိုက်ဆွဲပါသဖြင့် နေ့စဉ်နှင့်အမျှ ထိတ်လန့် ကြောက်ရွံ့နေရသောကြောင့် ရွှေတောင်ကြား (၁)လမ်းပေါ်ရှိ ခွေးလေခွေးလွင့်များအား ဖယ်ရှားပေးပါရန် သက်ဆိုင်ရာသို့ တင်ပြအပ်ပါသည်။

ခွေးကြောက်သူ

မီးဘေးအန္တရာယ်စိုးရိမ်

စာတည်းခင်ဗျား-

တာမွေမြို့နယ် မအူကုန်းရပ်ကွက် မအူကုန်းလမ်းကျယ် အမှတ်(၁၉) ၁၃၆ လမ်းထောင့်ရှိ နွားနို့ဆိုင်မှာ နေ့စဉ် မွန်းတည့် ၁၂နာရီမှ ည ၁၁နာရီအထိ မီးဖိုမီးများဖြင့် နွားနို့ကျိုချက်ရောင်းချလျက်ရှိရာ နွေရာသီရောက်ရှိလာပြီဖြစ်၍ မီးဘေးအန္တရာယ် စိုးရိမ်ရပါသောကြောင့် နွားနို့ဆိုင်အား အမြန်ဆုံး ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

မီးစိုးရိမ်သူ

အကြော်နှင့် အကင်များကြောင့် ကျန်းမာရေးထိခိုက်

စာတည်းရှင့်-

သုဝဏ္ဏမြို့ (၂၄)ရပ်ကွက် ဘော်စင်လမ်းထိပ်ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်သည် နံနက် ၄နာရီမှ ညနေ ၆နာရီအထိ လက်ဖက်ရည်နှင့် အစားအသောက်အစုံရောင်းချ၍ ညနေ ၆နာရီမှ ည ၁၁နာရီအထိ ဘီယာ၊ အကြော်နှင့်အကင်များ ရောင်းချနေပါသောကြောင့် ပတ်ဝန်းကျင်တွင် ညှော်နံ့များ အလွန်ညှော်ခြင်းနှင့် ဆိုင်ရှေ့နောက်များတွင် ရေဆိုးမြောင်းများပိတ်ဆို့နေ၍ မြောင်းပုပ်စော်နံခြင်းတို့ကြောင့် ပတ်ဝန်းကျင်ရှိ အိမ်များ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ဘော်စင်လမ်းသူ

ကြက်ခြံအနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်

စာတည်းရှင့်-

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့ စိမ်းရတနာမွန်တောင်ပိုင်းရပ်ကွက် အမှတ်(၇) လမ်းပေါ်တွင်ရှိသော ကြက်ခြံမှ မကောင်းသောအနံ့အသက်ဆိုးများရှူရှိုက်ရ၍ ရပ်ကွက်နေပြည်သူများ နေ့စဉ်နှင့်အမျှ ကျန်းမာရေးထိခိုက်ရပါသောကြောင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူများ

အလုပ်သမားများနည်းပါး၍ ကုန်သည်များ အခက်ကြုံ

စာတည်းရှင့်-

ကောလင်းမြို့ မြန်မာ့မီးရထားဘူတာတွင် ရောက်ရှိနေသော ကုန်တွဲများနှင့် ဂိုဒေါင်အတွင်းမှပစ္စည်းများ ပို့ဆောင်ရာ၌ အလုပ်သမားနှင့် မော်တော်ယာဉ်အင်အား နည်းပြီး ကုန်စည်စီးဆင်းမှုနှင့် ဝန်ဆောင်မှုနှေးကွေးနေပါသဖြင့် ကုန်သည်များအခက်အခဲ ကြုံတွေ့နေရပါ၍ သက်ဆိုင်ရာမှ ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကုန်သည်တစ်ဦး

လူကူးမျဉ်းကျားနေရာ အန္တရာယ်ကင်းစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်း မြန်မာနိုင်ငံကုန်သွယ်ရေးကြောင်းကောလိပ်ရှေ့ရှိ လူကူးမျဉ်းကျားသည် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းဝင်းအတွင်းသို့ ဝင်ရောက်သည့် ကားကြီးများဝင်ပေါက်နှင့် ရေကြောင်းကောလိပ် ယာဉ်ရပ်မှတ်တိုင်တို့အနီးတွင် တည်ရှိနေပါသည်။

အဆိုပါ မျဉ်းကျားအနီး၌ စက်ပစ္စည်းအရောင်းဆိုင်များနှင့် ကုမ္ပဏီများ၏ မော်တော်ယာဉ် အများအပြားသည် သတ်မှတ်နေရာထက်ကျော်လွန်၍ ရပ်ထားခြင်း၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မြောက်ဥက္ကလာစသည့် ယာဉ်လိုင်းများမှ ယာဉ်များသည် အရှိန်ပြင်းစွာ မောင်းနှင်ခြင်း၊ ခရီးသည်အတင်အချပြုလုပ်နေသည့် ယာဉ်လိုင်းမှတ်တိုင်များနှင့် နီးကပ်နေခြင်းတို့ကြောင့် လူအများ မျဉ်းကျားမှဖြတ်ကူးရာတွင် အန္တရာယ်ရှိနေပါသည်။

ထို့အပြင် ရွှေပုန်းညက်ရိပ်မွန်အိမ်ရာမှ ယာဉ်များ၊ ကျောင်းကြို/ပို့ယာဉ်များသည် ဘုရင့်နောင်လမ်းပေါ်သို့ဖြတ်သန်းရာ၌ ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပွားနေပါသည်။

သို့ဖြစ်ပါ၍ လူကူးမျဉ်းကျားမှ အန္တရာယ်ကင်းစွာသွားလာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အန္တရာယ်ကင်းစေလိုသူ

ဝက်ခြံအနံ့ဆိုး ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် (၁/၁၃)ရပ်ကွက် စောဘရီလမ်းရှိ အိမ်တစ်အိမ်တွင် စီးပွားဖြစ် ဝက်မွေးမြူလျက်ရှိရာ ထိုဝက်ခြံမှ အနံ့ဆိုးများကို ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ ရှူရှိုက်နေရပါသဖြင့် ကျန်းမာရေးထိခိုက်နေရပါသောကြောင့် ထိုဝက်ခြံကို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **အနံ့ဆိုးမခံနိုင်သူ**

လက်ဖက်ရည်ဆိုင်မှသီချင်းသံနားမခံနိုင်မှု ဆောင်ရွက်ပြီးစီး

၁-၃-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မကွေးမြို့ အောင်ရတနာရပ်ကွက်(ရန်ဝေး) သုခိတာလမ်းနှင့် လမ်း(၂၀)ထောင့်ဆိုင်မှ သီချင်းသံနားမခံနိုင်**ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မြန်မာ့အလင်း

(၆၅) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို

❖ ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး

စာဖတ်သူတစ်ဦး၏ ဆောင်းပါး စာ-၈၊ ၉

❖ လေးချက်မိဋ္ဌာန် ဦးထိပ်ပန်၍

မြင်းမူမောင်နိုင်မိုး၏ ကဗျာ စာ-၉

❖ တပ်မတော်အင်အားရှိမှ

လင်းမြတ်၏ ကာတွန်း စာ-၉

❖ တပ်မတော်အစိုးရ လက်ထက် ဖွံ့ဖြိုး တိုးတက်လာသော စက်မှုကဏ္ဍ

စာ-၁၀

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း **ဆောင်းပါးအညွှန်း**

တပ်မတော်သည် အရေးကြုံတိုင်း သက်လုံကောင်းမြဲဖြစ်သည်။ အမျိုးသားနိုင်ငံရေး အစဉ်အလာကောင်းကို ထိန်းသိမ်းမြှင့်တင်နေမြဲဖြစ်သော တပ်မတော်သည် ပြည်သူလူထု လိုလားတောင့်တသော ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးဖော်ဆောင်ရေးတို့ကို ဦးစီးဦးဆောင် ထမ်းဆောင်ပေးခဲ့။

စာဖတ်သူတစ်ဦး၏ ဆောင်းပါး စာ ၈-၉